# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁–၁၂–၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အင်းစိန်လမ်းမပေါ် ဘာတာဈေးနှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦကြားရှိ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာတွင် ယခင် အစိုးရလက်ထက်က ဆောက်လုပ်ခဲ့သော အဆောက်အဦ တစ်လုံး၊ ယခုဆောက်လုပ်ရန် ပြင်ဆင်နေသော မြေကွက်လပ်၊ ယခင်အစိုးရ လက်ထက်က ငှားရမ်းထားသော Planets Zone Beer ဆိုင်၊ ဖုန်းပစ္စည်း အရောင်းဆိုင် နှစ်ဆိုင်၊ KLK အဝတ်အထည်ဆိုင် နေရာများကို မူလတည်ရှိခဲ့သော ကလေးကစားကွင်းနှင့် ပန်းခြံ ပြုလုပ်ရန်အတွက် အများပိုင်မြေနေရာအဖြစ် ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ နောင်တရား၊ ပင်မွန်း၊ မြောက်ထီဗွာ၊ တီပေါင်း ကျေးရွာအုပ်စု တို့နှင့် ဆက်စပ်လျက်ရှိသော တကူမို့– လွဲပေ– ပင်မွန်းရွာ– ထာငို ရွာကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်၊ မန်ကျောင်းရွာအနီး ဆွတ်တီးချောင်းပေါ်ရှိ ရေလှောင်တမံအား လုံလောက်သော ရေပိုလွှဲမြောင်းများ ထည့်သွင်းတည်ဆောက်ပေးရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့် နစ်စဉ်ဆုံးရှုံး နစ်နာနေသော တောင်သူများအား မည်သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ထားသော လမ်း၊ တံတားများ အချိန်တိုအတွင်း ပျက်စီးနေပါသဖြင့် တာဝန်ယူ ဆောက်လုပ်ခဲ့သော ကုမ္ပဏီများအား ပြန်လည်ပြုပြင်စေခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်း မရှိပါက တရားစွဲဆိုခြင်း၊ နာမည်ပျက် စာရင်းသွင်းခြင်း ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **မင်းကင်းမြို့နယ်၊ မြစ်ရိုး အထက်ပိုင်း၊ ကမ်းပြည့်ရွာမှ တရာရွာအထိ ဖောက်လုပ်ထားသော လမ်းအရှည်(၂၄)မိုင်နှင့် ကြိုးတံတား (၂)စင်းအား ကျေးလက်လမ်း အဖြစ် လွှဲပြောင်းရယူပြီး ရေရှည်ကြံ့ခိုင်အောင် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာ၊ နမ့်ယွန်းချောင်းကူး သစ်သား တံတားကြီး ပြန်လည်ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်က **“နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး လုပ်ကိုင်ရန် အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါ နည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာ များအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများ အဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တော ပြုစု ပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၄၀၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၂ ရက်၊

(၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ အစည်းအဝေးပြီးသည်ထိ၊

(၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်လင်းဦး ခွင့် ၂ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိန်ထွန်း ခွင့် ၂ ရက်၊

(၁၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်နှင့်

(၁၂) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ အင်းစိန်လမ်းမပေါ် ဘာတာဈေးနှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦကြားရှိ စက်မှုဝန်ကြီးဌာန ပိုင် မြေနေရာတွင် ယခင်အစိုးရလက်ထက်က ဆောက်လုပ်ခဲ့သော အဆောက်အဦတစ်လုံး၊ ယခုဆောက်လုပ်ရန် ပြင်ဆင် နေသော မြေကွက်လပ်၊ ယခင်အစိုးရလက်ထက်က ငှားရမ်းထားသော Planets Zone Beer ဆိုင်၊ ဖုန်းပစ္စည်း အရောင်းဆိုင်နှစ်ဆိုင်၊ KLK အဝတ်အထည်ဆိုင်နေရာများ ကို မူလတည်ရှိခဲ့သော ကလေးကစားကွင်းနှင့် ပန်းခြံပြုလုပ်ရန်အတွက် အများပိုင်မြေနေရာအဖြစ် ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂) ရပ်ကွက် အင်းစိန်လမ်းမပေါ် ဘာတာဈေးနှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦကြားရှိ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာမှာ ယခင်အစိုးရလက်ထက်က ဆောက်လုပ်ပြီးစီးခဲ့တဲ့ အဆောက်အဦ တစ်လုံး၊ ယခုဆောက်လုပ်ရန် ပြင်ဆင်နေတဲ့ မြေကွက်လပ်၊ ယခင်အစိုးရလက်ထက်ကတည်းက ငှားရမ်းထားသော ဘီယာဆိုင်၊ ဖုန်းဆိုင်၊ အဝတ်အစားဆိုင်နေရာများမှာ အလေးအနက်ပြန်လည် စဉ်းစားသုံးသပ်၍ မူလတည်ရှိခဲ့တဲ့ ကလေးကစားကွင်းနှင့် ပန်းခြံပြုလုပ်ရန် အများပိုင်မြေနေရာ အဖြစ် ပြန်လည်အသုံးပြုရန် အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အင်းစိန်လမ်းမပေါ် ဘာတာဈေးနှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အဦကြားမြေနေရာဟာ ယခင်က ၂၀၁၃ ခုနှစ်အထိ ကလေးကစားကွင်းနှင့် ပန်းခြံအဖြစ် လှိုင်မြို့နယ်ပြည်သူများ အသုံးပြုခဲ့တဲ့ နေရာဖြစ်ပါတယ်။ အဆိုပါအများပိုင်မြေနေရာမှာ ယခင်အစိုးရလက်ထက်က ကလေးကစားကွင်းနှင့်

ပန်းခြံကိုဖျက်သိမ်းပြီး စက်မှုဝန်ကြီးဌာနက ဝင်းသူဇာအရောင်းဆိုင်ဖွင့်လှစ်ပြီး ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်အပါအဝင် ပုဂ္ဂလိကဆိုင်များ ငှားရမ်းခဲ့ပါတယ်။ နောက်တစ်ဖန် ဝင်းသူဇာ အရောင်းဆိုင်ကို ဖျက်သိမ်းပြီး ပုဂ္ဂလိက အရောင်းစင်တာကြီးတစ်ခုကို တည်ဆောက်ခဲ့ပါတယ်။ အဆိုပါအများပိုင်မြေနေရာမှာ ယခင်အစိုးရလက်ထက်က ငှားရမ်းထားတဲ့ လက်ဖက်ရည်ဆိုင်နေရာမှာ လက်ဖက်ရည်ဆိုင်ဖျက်သိမ်းပြီး ယခုအခါ အဆောက်အဦအသစ်ဆောက်လုပ်ရန် ပြင်ဆင်ဆောက်လုပ် နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့လှိုင်မြို့နယ်မှာ ယခင်အစိုးရလက်ထက် အများပိုင်မြေနေရာ များကို အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများမှ အကြောင်းအမျိုးမျိုးနဲ့ ရယူခဲ့ရာမှာ ယခုအခါ အများပြည်သူများအသုံးပြုစရာမြေနေရာမရှိသလောက်ဖြစ်နေပါတယ်။ ပြည်သူကရွေးချယ် တင်မြှောက်ထားတဲ့ ဒီမိုကရေစီအစိုးရ၊ ပြည်သူ့အစိုးရလက်ထက်မှာ ယခင်အစိုးရကဲ့သို့ နိုင်ငံတော်ပိုင်၊ အများပိုင်မြေနေရာများ၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများကို ဝန်ကြီးဌာနများမှ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုခု၏အကျိုးစီးပွားအတွက် ငှားရမ်းခြင်း၊ ရောင်းချခြင်းမပြုလုပ်တော့ဘဲ အများ ပြည်သူအကျိုးရှိစေမည့် ကစားကွင်းနှင့်ပန်းခြံပြုလုပ်ရန်၊ ပြန်လည်အသုံးပြုပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူလူထုရဲ့တောင်းဆိုမှုအရ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်၊ အင်းစိန်လမ်းမပေါ်ရှိ ဘာတာဈေးနှင့် လှိုင်မြို့နယ်မီးသတ်ဦးစီးဌာန အဆောက်အဦကြားရှိ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာတွင် ယခင်အစိုးရလက်ထက်က ဆောက်လုပ်ပြီးစီးခဲ့သော အဆောက် အဦတစ်လုံး၊ ယခုဆောက်လုပ်ရန်ပြင်ဆင်နေသော မြေကွက်လပ်၊ ယခင်အစိုးရလက်ထက်က ငှားရမ်း ထားသော Planets Zone Beer ဆိုင်၊ ဖုန်းပစ္စည်းအရောင်းဆိုင်၊ KLK အဝတ်အထည်ဆိုင်များ နေရာများကို အလေးအနက်ပြန်လည်စဉ်းစားသုံးသပ်၍ မူလတည်ရှိခဲ့သော ကလေးကစားကွင်းနှင့်

ပန်းခြံပြုလုပ်ရန်အတွက် အများပိုင်မြေနေရာအဖြစ် ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

Power Point ဖြင့် ပကတိမြေပြင်အခြေအနေကို တင်ပြရှင်းလင်းခွင့်ပြုပါခင်ဗျား။ ယခုတင်ပြပါပုံကတော့ စက်မှုဌာနပိုင်မြေနေရာပုံဖြစ်ပါတယ်။ ဒီဘက်ကိုသွားရင် မြောက်ဘက်ဖြစ်ပြီးတော့ လှိုင်မြို့နယ်ကနေပြီးတော့ သမိုင်းလမ်းဆုံကို သွားမှာဖြစ်ပါတယ်။ ဒီဘက်ခြမ်းကတော့ လှည်းတန်းဘက်ကိုသွားမယ့်လမ်းဖြစ်ပါတယ်။ ယခုတင်ပြပါပုံကတော့ ကျွန်တော်တို့စက်မှုဝန်ကြီးဌာနပိုင် ဝန်ထမ်းအများစုနေထိုင်ရာ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ဝန်ထမ်း အိမ်ရာရဲ့ရှေ့တည့်တည့်လမ်းမပေါ်မှာရှိသော ယခုတင်ပြပါနေရာအသေးအဖွဲ့လေးတစ်ခုကတော့ Global Summit ဖြစ်ပြီးတော့ ဒုတိယတစ်ခုကတော့ Planets Zone ဖြစ်ပါတယ်။ ဒီဧရိယာနှစ်ခုကို ကျွန်တော်တို့ ယခင်အစိုးရလက်ထက်က နှစ်ရှည်ငှားရမ်းခဲ့ပါတယ်။ Planets Zone ဆိုလို့ရှိရင် ၀.၂၆၉ ဧက ရှိပါတယ်။ နောက်ပြီးတော့ ဒီဘက် Left မှာကြည့်လိုက်လို့ရှိ ရင် ဖော်ပြပါပုံစံအတိုင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီနေရာသည် လူနေထူထပ်ပြီးတော့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနပိုင် စက်မှုစက်ရုံတွေနဲ့နီးစပ်သော ဝန်ထမ်းတွေအတွက်၊ နေရာအတွက် နေရာချထား ပေးခြင်းဖြစ်ပါတယ်။ ယခုဖော်ပြပါ အကွက်လေးနှစ်ကွက်ကတော့ ဒီနေရာတွေကို ကျွန်တော်တို့ ယခင် အစိုးရလက်ထက်က နှစ်ရှည် ၁၀ နှစ်တာကာလကငှားရမ်းခဲ့ပြီး ယခုအခါမှာဆိုရင် သုံးနှစ်တာကာလအတွင်း ရောက်ရှိနေပါပြီ။ ယခင်အချိန်က ငှားရမ်းခဲ့သော ဥပဒေအရ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် အမှတ်(၁၂) ရပ်ကွက်၊ အင်းစိန်လမ်းမပေါ် ဘာတာဈေးနှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနအဆောက်အဦကြားရှိ မြေနေရာသည် စက်မှုဝန်ကြီးဌာနအမည်ပေါက် ရရှိထား သောမြေနေရာဖြစ်ခြင်းကြောင့်လည်းကောင်း၊ ငှားရမ်းဆောင်ရွက်နိုင်ရန် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာထည့်သွင်း၍ တင်ဒါခေါ်ယူခဲ့ပြီးတော့ တင်ဒါအောင်မြင်တဲ့ Planets Zone ကုမ္ပဏီသို့ မြေအကျယ်အဝန်း ၀.၂၆၉ ဧကအား ငှားရမ်းကာလ ၁-၁၁-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၂၄ ရက်အထိ လည်းကောင်း၊ Global Summit ကုမ္ပဏီသို့ မြေအကျယ်အဝန်း ၀.၀၃၀ ဧကအား ငှားရမ်းကာလ ၁-၆-၂၀၁၅ မှ ၃၀-၅-၂၀၂၅ ရက်အထိ လည်းကောင်း စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ငှားရမ်းထားခဲ့ခြင်းဖြစ်ပါတယ်။

**မူကြမ်း**

အဆိုပါမြေနေရာပေါ်မှာ၊ ယခုအခါမှာ တင်ပြပါပုံစံအတိုင်း Planets Zone နှင့် Global Summit Co.,Ltd တို့မှ သူတို့ရဲ့အကျိုးစီးပွားအတွက် ငှားရမ်းထားတဲ့ကာလအတွင်းမှာ အဆောက်အဦအသစ်ဆောက်ဖို့ရည်ရွယ်ချက်နဲ့ အကာအရံများ ကာရံပြီးတော့ ပြင်ဆင်နေတာကို ကျွန်တော်တို့ စုံစမ်းသိရှိရပါတယ်။ သိရှိရတဲ့အချိန်မှာပဲ ကျွန်တော်တို့ မူလစာချုပ်ပါစည်းကမ်းနှင့် မကိုက်ညီတဲ့အတွက် တည်ဆောက်နေဆဲကာလကို ရပ်တန့်စေပြီးတော့ ပြန်လည်အရေးယူစိစစ်လျက် ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီနေရာကို အနောက်ဘက်ကမြင်လို့ရှိရင် ဒီအတိုင်း ဒီလိုကာရံထားပါတယ်။ အတွင်းကိုမမြင်ရအောင် အပြင်ကအကာအကွယ်ယူပြီးတော့ အထဲမှာ Foundation ချခြင်းဖြစ်ပါတယ်။ ရှေ့ကမြင်လို့ရှိရင်တော့ ဒီတိုင်းမြင်ရမှာဖြစ်ပါတယ်။ နောက်ဘက်ကမြင်လို့ရှိရင် ဒီတိုင်းမြင်ရမှာဖြစ်ပါတယ်။ ယခုအနေအထားကို ခြုံငုံသုံးသပ်ရလို့ရှိရင် Planets Zone နှင့် Global Summit Co.,Ltd တို့ကိုငှားရန် တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုကာ နှစ်စဉ်ငှားရမ်းခအား အနည်းဆုံး နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထက်ထိ တိုးမြှင့်သတ်မှတ်ပေးဆောင်စေပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက်ရရှိသည့် ငှားရမ်းခငွေများအား နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိနေပါတယ်။ ကျွန်တော်တို့ တစ်နှစ်တစ်ကြိမ်အမြဲတမ်း Review ပြန်လုပ်၍ သုံးသပ်တင်ပြတာဖြစ်တဲ့အတွက် ဥပဒေနှင့်ညီသော လျော်ကန်သောဆောင်ရွက်ချက်များကို ကျွန်တော်တို့ တစ်နှစ်တစ်ကြိမ် သက်တမ်း ကာလအတွင်းမှာ တားမြစ်နိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ Planets Zone ထံမှ ၁-၁၁-၂၀၁၄ ရက်မှ စပြီးတော့ ၃၁-၁၀-၂၀၁၅ ရက်အထိ ငှားရမ်းခငွေကျပ် ၁၀.၄၆၅ သန်း၊ ၁-၁၁-၂၀၁၅ မှ ၃၁-၁၀-၂၀၁၆ အထိ ငှားရမ်းခငွေကျပ် ၁၀.၆၇၅ သန်းရရှိခဲ့ပြီး နိုင်ငံတော်ကိုပေးသွင်းပြီး ဖြစ်ပါတယ်။ ၁-၁၁-၂၀၁၆ ရက်မှ ၃၁-၁၀-၂၀၁၇ ရက်အထိအတွက်လည်း ငှားရမ်းခငွေကျပ် ၁၀.၈၈၈ သန်းကို ရရှိမှာဖြစ်သဖြင့် နိုင်ငံတော်သို့ ဆက်လက်ပေးသွင်းသွားမှာဖြစ်ပါတယ်။ Global Summit Co., Ltd ထံမှရရှိသည့် ၁-၆-၂၀၁၅ ရက်နေ့မှ ၃၀-၅-၂၀၁၆ ရက်အထိ ငှားရမ်းခ ငွေကျပ် ၂၆.၅၂၀ သန်းကို နိုင်ငံတော်သို့ ပေးသွင်းပြီးဖြစ်ပါတယ်။ ၁-၆-၂၀၁၆ ရက်မှ ၃၀-၅-၂၀၁၇ ရက်နေ့ထိလည်း ရရှိမည့် ငှားရမ်းခငွေကျပ် ၂၇.၀၅၀ သန်းကို နိုင်ငံတော်သို့ ဆက်လက်ပေးသွင်းသွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါမြေနေရာများသည် စက်မှုဝန်ကြီးဌာနပိုင် အမည်ပေါက်ရရှိထားသည့် မြေနေရာဖြစ်ခြင်း၊ ကုမ္ပဏီများသို့ ၁၀ နှစ်တာကာလနှစ်ရှည်ငှားရမ်းထားပြီး ငှားရမ်းခငွေများကိုလည်း နိုင်ငံတော်သို့ အစဉ်မပြတ် ပေးသွင်းလျက်ရှိခြင်းတို့ကြောင့် ကလေးကစားကွင်းနှင့် ပန်းခြံပြုလုပ်ရန် အတွက် အများပိုင်မြေနေရာအဖြစ် လောလောဆယ် ပြန်လည်ပေးအပ်နိုင်ခြင်းမရှိပါကြောင်း

**မူကြမ်း**

ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ပါသော်လည်း ဒီလိုနေရာတွေမှာ ကျွန်တော်တို့ ဥပဒေနှင့်မညီသော ကျူးကျော်တည်ဆောက်မှုတွေ ရှိနေပါတယ်။ ဒီတည်ဆောက်မှုကို ကျွန်တော်တို့ ဒီနှစ်သက်တမ်းကာလ တစ်နှစ်တစ်ခါ Review လုပ်တဲ့အခါမှာ သိရှိတဲ့အတွက် ကျွန်တော်တို့ ရပ်တန့်ပြီးတော့ နိုင်ငံတော်ရဲ့ မြေအဖြစ် ပြန်လည်ရယူပြီး ကျွန်တော်တို့ သင့်တော်သလို ဆက်လက်စီစဉ်ဆောင်ရွက်ဖို့ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပင်လောင်းမြို့နယ်၊ နောင်တရား၊ ပင်မွန်း၊ မြောက်ထီဗွာ၊ တီပေါင်းကျေးရွာအုပ်စုတို့နှင့် ဆက်စပ်လျက်ရှိသော တကူမို့-လှဲ့ပေ-ပင်မွန်းရွာ-ထာငိုရွာ ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ခညောင်းစေသော နေ့တစ်နေ့ဖြစ်ပါစေလို့ ဦးစွာဆန္ဒပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်တစ်နယ်၊ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဟာ သွားရေးလာရေး လွယ်ကူစေပြီး ကုန်စည်စီးဆင်းမှုလျင်မြန်စေသည့် အထောက်အကူဖြစ်စေသည့် လမ်းပန်းဆက်သွယ်ရေးဟာ အရေးပါအရာရောက်စေပြီး ပဓာနအကျဆုံးသော အကြောင်းအရင်းတစ်ခုဖြစ်ကြောင်းကို ကျွန်တော့်အနေနဲ့ သိရှိနားလည်ထားပါတယ်။ ပင်လောင်းမြို့နယ်ဟာ ပင်လယ်ရေမျက်နှာအထက် အမြင့်ပေ ၃၀၀၀ မှ ၅၀၀၀ အတွင်း တည်ရှိပြီးတော့မှ အေးမြသောရာသီဥတုရှိကာ ပအိုဝ်း၊ ရှမ်း၊ မြန်မာ၊ တောင်ရိုး၊ ကယားနှင့် ကရင် စသည့် တိုင်းရင်းသားများ အေးအတူပူအမျှ ထာဝရချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြပြီး အေးချမ်းသာယာသော မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံတို့၏ လူနေမှုဘဝ အစဉ်သာယာလှပအေးမြစေသော၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေသော အရှိန်အဟုန်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းဖြစ်သော ပင်လောင်းမြို့နယ် နောင်တရား၊ ပင်မွန်း၊ တီပေါင်း၊ ပေါအစ်နဲ့ မြောက်ထီဗွာ စသည့် ကျေးရွာအုပ်စုငါးခုအတွင်းမှာရှိတဲ့ ကျေးရွာများအား ဆက်သွယ်ပေးထားသော ၁၀ မိုင်ခန့်ရှည်သည့်

တကူမို့-လှဲပေ-ပင်မွန်း-ထာငိုလမ်းကို ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းကို အနည်းငယ် တင်ပြလိုပါတယ်။ လွန်ခဲ့တဲ့ ၁၉၆၀ ခုနှစ် ကတည်းက ကျောင်းထိုင်ဆရာတော်များ တစ်ပါးပြီးတစ်ပါး စဉ်ဆက်မပြတ်ဦးဆောင်ပြီး ဒေသခံ ပြည်သူများ၏လုပ်အားဖြင့် မြေထုမြေသားများကိုဖယ်ရှားပြီး ကျောက်ဆောင်ကျောက်ကမ်းပါးများကို ဖြိုခွဲကာ တစ်နေ့တစ်လံ ပုဂံဘယ်ပေးမလဲဆိုတဲ့ မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဖောက်လုပ်ခဲ့ ရာ ယခုဆိုရင် ကျောက်ချောလမ်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ အဆိုပါလမ်းဟာ လွှတ်တော် ရန်ပုံငွေဖြင့် လမ်းချဲ့ထွင်ခြင်း၊ န.တ.လ ရန်ပုံငွေဖြင့် တံတားများတည်ဆောက်ပေးခြင်းတို့ကြောင့် ဒေသအတွင်း ထွက်ကုန်များဖြစ်သော လက်ဖက်၊ အာလူး၊ လိမ္မော်၊ သစ်တော်၊ ဒညင်း၊ ထောပတ်၊ ကြက်သွန်ဖြူနှင့် မီးဖိုချောင်သီးနှံများကို ပင်လောင်းမြို့၊ နောင်တရားမြို့၊ အောင်ပန်း၊ ကလော၊ ညောင်ရွှေ၊ လွိုင်ကော်၊ နေပြည်တော်သို့ ယာဉ်များဖြင့် ရာသီအလိုက် ပို့ဆောင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ၎င်းလမ်းဟာ အရှေ့အနောက်ကို သွယ်တန်းနေသော နေပြည်တော်-ပင်လောင်း-ညောင်ရွှေ-ကျောက်တစ်လုံး စသည့် ပြည်ထောင်စုလမ်းမနှင့်လည်းကောင်း တောင်၊ မြောက်ဆက်သွယ်ပေးသော လွိုင်ကော်-ပင်လောင်း-အောင်ပန်း ပြည်ထောင်စုလမ်းမကြီးနှင့်လည်းကောင်း၊ တြိဂံ၏အနားတစ်ဖက် လိုဆက်သွယ်ပေးနေတဲ့ ကုန်ထုတ်လမ်းမကြီးတစ်ခုလည်းဖြစ်ပါတယ်။ ထိုလမ်းကြောင့် တောင်သူ လယ်သမားများ၏ လူနေမှုလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးတို့ကိုလည်း ပြည့်စုံစေတဲ့ အပြင် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးဖြင့် ၂၄ နာရီမီးလည်း ထိန်ထိန်လင်းပြီး ရှိနေပါပြီ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော် တင်ပြခဲ့တဲ့လမ်းဟာ ဒေသဆိုင်ရာပြည်သူများ ဥစ္စာရင်လို ဥစ္စာရင်ခဲဖြင့် မိမိတို့၏လုပ်အားနှင့် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ သည်မှာ ဆယ်စုနှစ် ခြောက်စုသို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထုပ်ဝန်ပိုးများ လျော့နည်း သွားစေရန် ဆွေးနွေးပါကုန်ထုတ်လမ်းအား ကတ္တရာလမ်းအဖြစ်သို့ မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားခြင်းရှိ/မရှိ သိလိုကြောင်း ပြည်သူ များ၏ မျှော်လင့်ချက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာတွေကို ကွင်းဆင်းပြီး မေးမြန်းပေးတဲ့အတွက် ဦးစွာပထမကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်အတွင်းမှာရှိတဲ့ နောင်တရားကျေးရွာအုပ်စု၊ ပင်မွန်းကျေးရွာအုပ်စု၊ မြောက်ထီဗွာကျေးရွာအုပ်စုနှင့် တီပေါင်းကျေးရွာအုပ်စုတို့ကို ဆက်စပ်လျက်ရှိတဲ့ တကူမို့-လှဲပေ-ပင်မွန်း-ထီတမောင်း-ထာငိုကျေးရွာချင်းဆက်လမ်း အရှည် ၁၀ မိုင်ရဲ့ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်းဖြစ်ပြီး ကျေးရွာလေးရွာ၊ အိမ်ခြေ ၄၆၀ ရှိပြီးတော့ လူဦးရေ ၂၆၆၂ ဦးတို့ကို အကျိုးပြုကြောင်း သိရှိရပါတယ်။ အဆိုပါ ကျောက်ချောလမ်း အရှည် ၁၀ မိုင်ကို ကတ္တရာလမ်းဆောင်ရွက်ပါက စုစုပေါင်းငွေကျပ် ၉၉၁.၅၂ သန်းခန့် ကုန်ကျမည်လို့ ခန့်မှန်းပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ မိမိရဲ့ဌာနဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၈၃.၃၃၂ သန်းနဲ့ လျာထားတဲ့နေရာမှာ ကတ္တရာလမ်း ၂.၃ ဖာလုံ၊ ကျောက်ချောလမ်း ၈ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၇ မိုင်၊ ကွန်ကရစ်တံတားလေးစင်းနှင့် Box Culvert ၁၀ စင်းတို့ကို ယခု ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ဆောင်ရွက်သွားရန် လျာထားပါတယ်။

ပင်လောင်းမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၅.၉၆ သန်းဖြင့်သာ ဆောင်ရွက်ခွင့်ရရှိပါတယ်။ ကျောက်ချောလမ်း ၃ မိုင်၊ မြေသားလမ်း ၁ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်တံတားနှစ်စင်းနှင့် Box Culvert

၁၀ စင်းတို့ကို ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောင်ရွက်ပေးနိုင်ရန် လျာထားထားပါတယ်။ လက်ရှိ အခြေအနေမှာ ပြည်ထောင်စုအဆင့်နဲ့ လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်ပြီး လမ်းအမျိုးအစား သတ်မှတ်တဲ့လုပ်ငန်း လမ်းအဆင့်သတ်မှတ်ခြင်း၊ စံချိန်စံညွှန်းများသတ်မှတ်ခြင်းနှင့် လမ်းနယ် သတ်မှတ်ခြင်းများ နယ်နိမိတ်သတ်မှတ်ခြင်းများနှင့် Strategy and Investment Plan တွေကို ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်သတ်မှတ်ချက် Criteria နှင့်အညီ ဦးစားပေးရွေးချယ်ခြင်းကိုတော့ ပြည်နယ်/တိုင်းဒေသကြီးများမှ သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးပြီး နှစ်တို/နှစ်ရှည်စီမံကိန်း Master Plan ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ Master Plan အရ ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများ အပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစိစစ်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ တကူမို့-လှဲပေ-ပင်မွန်း-ထီတမောင်း-ထာဝို ကျေးရွာချင်းဆက်လမ်းဟာ မိမိရဲ့ဝန်ကြီးဌာနမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိပါဘူး။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်း ရှိ/မရှိနဲ့ဆိုင်တဲ့မေးခွန်းကိုတော့ နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထားတဲ့ တင်ပြမှုအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း တင်ပြလိုပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပါဝင်လိုတဲ့ဆန္ဒကိုလည်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးများကို အကြောင်းကြားပေးသွားမှာဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးပါသော ပြည်ထောင်စု ဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအားလုံးဟာ မြို့နယ်အသီးသီးမှာရှိတဲ့ မြို့နယ်အစီအစဉ်မှာရော၊ ဒေသ ဦးစီးရဲ့အစီအစဉ်မှာပါ ရှမ်းပြည်နယ်အစိုးရကိုပါ စီမံချက်ရေးဆွဲပြီးတော့မှ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလမ်းမှာလည်းပဲ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလကတည်းကပဲ တင်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလာမယ့် ၂၀၁၇-၂၀၁၈ မှာလည်း ဆက်လက်တင်ပြထားပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝန်ကြီး

များအနေနဲ့ အဆိုပါလမ်းဟာ ပြည်သူတွေရဲ့ ဒီစောင့်ရှောက်လာခဲ့တာက ဆယ်စုနှစ်ပေါင်း ခြောက်ခု ရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို ငွဲညှာစဉ်းစားသောအားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပြီးတော့မှ လျာထားပေးဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းတင်ပြခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ ကျွန်တော် စောစောက ပြောတဲ့အဖြေထဲမှာ ဒီအဖြေပါပြီးသားဖြစ်မယ်ထင်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျွန်တော် စောစောတုန်းက နောက်ဆုံးပိတ် ဖြေလိုက်တဲ့အဖြေထဲမှာ ဒီအတွက်ကို ဒီအဆိုရှင်ကနေပြီးတော့ တင်ပြထားတဲ့အတွက် ၂၀၁၇-၂၀၁၈ မှာ ထည့်လို့ရရင် ထည့်ပေးဖို့ ကျွန်တော် တိုက်တွန်းသွားမယ်ဆိုတဲ့အကြောင်း ကျွန်တော် ပြောကြားပြီးဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီ ... တန့်ယန်းမြို့နယ်၊ မန်ကျောင်းရွာအနီး ဆွတ်တီးချောင်းပေါ်ရှိရေလှောင်တမံအား လုံလောက်သော ရေပိုလွှဲမြောင်းများ ထည့်သွင်းတည်ဆောက်ပေးရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့် နှစ်စဉ်ဆုံးရှုံး နစ်နာနေသော တောင်သူများအား မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှလုံးကြည်သာချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆည်တစ်ခုနှင့်ပတ်သက်တဲ့ကိစ္စ မေးမြန်းလိုပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ယန်းမြို့နယ်၊ မိုင်းတောင်းကျေးရွာအုပ်စု၊ မန်ကျောင်းရွာအနီး၊ ဆွတ်တီးချောင်းပေါ်တွင် ခန့်မှန်းအလျားပေ ၃၀၀၊ အနံ ပေ ၃၀၊ အမြင့်ပေ ၂၀ ရှိ ရေလှောင်တမံ တစ်ခုကို မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့မှ လွန်ခဲ့သော ၈ နှစ်ခန့်က တည်ဆောက်ထားကြောင်း သိရှိရပါ

တယ်။ ၎င်းဆည်ကို မည်သည့်ရည်ရွယ်ချက်ဖြင့်တည်ဆောက်ထားကြောင်း ပြည်သူများထံရှင်းလင်းပြောကြားခြင်းမရှိဟုသိရပါသည်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ပုံတွင်မြင်ရတဲ့အတိုင်းဖြစ်ပါတယ်ခင်ဗျား။ ၎င်းဆည်တွင် ရေပိုလွှဲမြောင်းများထည့်သွင်းတည်ဆောက်ထားခြင်း မရှိသည့်အပြင် လုံလောက်သောရေပိုလွှဲတံခါးများမပါသဖြင့် မိုးတွင်းရေကြီးချိန်တွင် ဆည်အထက်ဘက်ရှိ စိုက်ပျိုးထားသောလယ်များ နှစ်စဉ်ကြာရှည်စွာရေလွှမ်း၍ လယ်ဧကပေါင်း ၄၀ ကျော် ရေမြုပ်ပျက်စီးသဖြင့် မန်ကျောင်းရွာမှလယ်သမားများ စားဝတ်နေရေးအခက်အခဲနှင့် နှစ်စဉ် ကြုံတွေ့နေရကြောင်း လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းသည့်ခရီးစဉ်များတွင် ဒေသခံလယ်သမားများမှ တင်ပြကြပါသည်။ စိုက်ပျိုးထားသောလယ်များ နှစ်စဉ်ပျက်စီးသဖြင့် မစိုက်ဘဲထားသောလယ်များကို ပုံတွင်မြင်ရမှာဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ တန့်ယန်းမြို့နယ်၊ မိုင်းတောင်းကျေးရွာအုပ်စု၊ မန်ကျောင်းကျေးရွာအနီး၊ ဆွတ်တီးချောင်းပေါ်တွင် တည်ဆောက်ထားသော ရေလှောင်တာတမံအား လုံလောက်သောရေပိုလွှဲတံခါး၊ ရေပိုလွှဲမြောင်းများ ထည့်သွင်းတည်ဆောက်ပေးနိုင်ရေး သက်ဆိုင်ရာမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် နှစ်စဉ်ဆုံးရှုံးနစ်နာနေသော တောင်သူလယ်သမားများအား မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်ရဲ့ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ တန့်ယန်းမြို့နယ်၊ မိုင်းတောင်းကျေးရွာအုပ်စု၊ မန်ကျောင်းကျေးရွာအနီးမှာရှိတဲ့ ဆွတ်တီးချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ရေလှောင်တမံကို လုံလောက်တဲ့ရေပိုလွှဲတံခါး၊ ရေပိုလွှဲမြောင်းများ ထည့်သွင်းတည်ဆောက်ပေးရေး သက်ဆိုင်ရာမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ဆိုတဲ့အကြောင်းအရာနှင့် နှစ်စဉ်ဆုံးရှုံးနစ်နာနေတဲ့တောင်သူများကို မည်ကဲ့သို့

ကူညီဆောင်ရွက်ပေးနိုင်မည်တို့ကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပူးတွဲဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ မိုင်းတောင်းကျေးရွာအုပ်စု၊ မန်ကျောင်းကျေးရွာအနီး ဆွတ်တီးချောင်းပေါ်မှာတည်ရှိတဲ့ ရေလှောင်တမံမှာ အလျားပေ ၃၀၀၊ အမြင့်ပေ ၂၀၊ ထိပ်ပြင်အကျယ် ၆၀ ပေရှိတဲ့ ကွန်ကရစ်တမံတစ်ခုဖြစ်ပြီး မိမိရဲ့ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားတဲ့ဆည်မဟုတ်ကြောင်းနှင့် မန်ပန်ပြည်သူ့စစ်အဖွဲ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ရည်ရွယ်ပြီး လွန်ခဲ့သော ၈ နှစ်ခန့်က တည်ဆောက်ခဲ့ပါတယ်။ ယနေ့အချိန်ထိ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်းကိုလည်းပဲ သိရှိရပါတယ်။ အဆိုပါ ဆွတ်တီးတမံဟာ(၁၀ ပေx ၈ ပေ)ရေထုတ်ပေါက်တစ်ခု၊ (၆ ပေx ၆ ပေ) ရေထုတ်ပေါက်တစ်ခုတို့ကို တမံရဲ့အမြင့် ၁၀ ပေခန့်မှာ ထည့်သွင်းတည်ဆောက်ထားပြီး မိုးရာသီမှာ စီးဝင်ရေများပြားသည့်ချောင်းကို ပိတ်ဆို့ထားတဲ့အပြင် ရေပိုလွှဲကို တည်ဆောက်ထားမှုမရှိသဖြင့် နှစ်စဉ်မိုးရာသီရောက်တိုင်း တမံကိုယ်ထည်နှင့် လက်ဝဲ/လက်ယာအစွန်း တောင်ကုန်းများပေါ်မှ ရေကျော်ကျစီးထွက်လျက်ရှိပါတယ်။ ဤတမံ မတည်ဆောက်မီအချိန်ကတည်းက ချောင်းကမ်းဘေးတစ်လျှောက် စိုက်ပျိုးလျက်ရှိတဲ့ လယ်မြေ ၄၀ ဧကခန့်မှာ တမံတည်ဆောက်ပြီးချိန်မှစပြီးတော့ ရေဝပ်ဧရိယာအတွင်းမှာကျရောက်ကာ ရေကြီးနစ်မြုပ်လျက်ရှိပါတယ်။ ဒီဟာက မတည်ဆောက်မီကာလကတည်းက ဖြစ်စဉ်ဖြစ်ပါတယ်။ တမံတစ်ခုမှာ ရေပိုလွှဲတစ်ခုကို ထည့်သွင်းတည်ဆောက်တဲ့နေရာမှာ ဆည်မြောင်းပညာရပ်ဆိုင်ရာသဘောသဘာဝအရ သတ်မှတ်ထားတဲ့ ကန်ရေပြည့်မှတ်တစ်ခုတွင်သာ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်သည့်အတွက် ဤတမံမှာ ရေပိုလွှဲကို ထည့်သွင်းတည်ဆောက်မည်ဆိုပါကလည်း ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ လယ်မြေ ၄၀ ဧကမှာ ကန်ရေထုတ်ပေါက်၏ အောက်ခြေမှတ်တွင်တည်ရှိနေတဲ့အတွက် ရေကြီးနစ်မြုပ်နေမည်သာဖြစ်ပါတယ်။ ဒ့ါအပြင် တမံ၏ လက်ဝဲ/လက်ယာအစွန်းတောင်ကုန်းများမှာ တောင့်တင်းခိုင်မာမှုမရှိခြင်း၊ ဌာနမှ တည်ဆောက်ခဲ့ခြင်းမဟုတ်သည့်အတွက် အောက်ခြေအုတ်မြစ်မှစ၍ တည်ဆောက်ခဲ့တဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်ရှိအခြေအနေမှာ သိရှိနိုင်ခြင်းမရှိတဲ့အပြင် ဒီဇိုင်းပုံစံကျ ဆောင်ရွက်ထားခြင်းမရှိတဲ့အတွက် နောင်ရေရှည်မှာ တမံ၏လုံခြုံစိတ်ချနိုင်မှုအတွက် စိုးရိမ်ရတဲ့အခြေအနေရှိသဖြင့် ထပ်မံပြီးရေပိုလွှဲ တည်ဆောက်ခြင်းသည်လည်း မသင့်လျော်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

**မှူကြမ်း**

ထို့ကြောင့် တမံရေဝပ်ဧရိယာအတွင်းမှာ စိုက်ပျိုးလျက်ရှိတဲ့လယ်မြေများ ရေကြီးနစ်မြုပ်မှု ရှိနေတဲ့အတွက် နစ်နာနေတဲ့တောင်သူများဘက်မှ ဦးစားပေးစဉ်းစားပြီး ဆောင်ရွက်မည်ဆိုပါက ကွန်ကရစ်တမံမှ ရေဆက်လက်ထိန်းသိမ်းသိုလှောင်မှုမပြုဘဲ ဆွတ်တီးချောင်းရေကို နိုင်နင်းစွာလွှဲပေး နိုင်ရေးအတွက် လက်ရှိကျိုးပေါက်နေတဲ့ အစွန်းတောင်ကုန်းများနေရာမှ လုံလောက်တဲ့အကျယ် ရှိသည့် ရေလွှဲမြောင်းဖောက်လုပ်ပေးရမည်ဟု နည်းပညာဆိုင်ရာအကြံပေးချက် ပြုထားပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါဆွတ်တီးရေလှောင်တမံဌာနမှာ မိမိဌာနမှ တည်ဆောက်ခဲ့တဲ့တမံ မဟုတ်တဲ့ အပြင် တမံတည်ဆောက်ထားတဲ့ဧရိယာမှာလည်းပဲ နယ်မြေလုံခြုံရေးကန့်သတ်ချက်ရှိတဲ့အတွက် ဌာနအနေဖြင့် တာဝန်ယူပြီးဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှသာ သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်တယ်ဆိုတဲ့အကြောင်းကို တင်ပြအပ်ပါတယ်။ မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့တော့ လိုအပ်သလို နည်းပညာဆိုင်ရာ ပူးပေါင်းညှိနှိုင်း ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်တယ်ဆိုတဲ့အကြောင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက် နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ထားသော လမ်း၊ တံတားများ အချိန်တိုအတွင်း ပျက်စီးနေပါသဖြင့် တာဝန်ယူဆောက်လုပ်ခဲ့သော ကုမ္ပဏီများအား ပြန်လည် ပြုပြင်စေခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်းမရှိပါက တရားစွဲဆိုခြင်း၊ နာမည်ပျက်စာရင်းသွင်းခြင်း ပြုလုပ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မက ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ တာဝန်ယူဆောက်လုပ်ထားခဲ့တဲ့ လမ်း၊ တံတားတွေက အချိန်တိုအတွင်းမှာ ပျက်စီးနေတဲ့အတွက် ကြောင့်မို့လို့ တာဝန်ယူဆောက်လုပ်ခဲ့တဲ့ ကုမ္ပဏီတွေကို ပြန်လည်ပြုပြင်စေခြင်း၊ တာဝန်ယူ ဆောင်ရွက်ခြင်းမရှိပါက တရားစွဲဆိုခြင်း၊ နာမည်ပျက်စာရင်းသွင်းခြင်းကဲ့သို့သော အစီအစဉ်များ ပြုလုပ်ပေးရန်အစီအစဉ်များရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး

ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်အပါအဝင် ကျေးရွာတော်တော်များများမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ တာဝန်ယူဆောက်လုပ်ခဲ့တဲ့ လမ်း၊ တံတားတွေဟာ အခြေခံအဆောက်အဦတွေ ဆောက်လုပ်ပြီးမကြာခင်မှာပဲ ပျက်စီးနေတာကိုတွေ့ရပါတယ်။ ဌာနဆိုင်ရာတာဝန်ရှိတဲ့သူတွေကို တွေ့ဆုံမေးမြန်းတဲ့အခါမှာလည်း ပြုပြင်ပေးမယ်လို့ပြောပါတယ်။ ဒါပေမဲ့လည်း မူရင်းဆောက်လုပ်တဲ့ ကုမ္ပဏီတွေကို တာဝန်ယူပြင်ဆင်တာမဟုတ်ဘဲနဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေကို ထပ်မံတောင်းခံပြီး ပြုပြင်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ယူဆောက်လုပ်နေတဲ့ကုမ္ပဏီတွေကို အရေးအသေးစစ်ဆေးခြင်းနှင့် ပြုလုပ်ပေးဖို့ ပြန်လည်ကြပ်မတ်ပေးဖို့အတွက်ကိုမေးတာဖြစ်ပါတယ်။

အခုချိန်မှာတော့ တာဝန်ယူဆောက်လုပ်နေတဲ့ကုမ္ပဏီတွေကို စစ်ဆေးတာတွေ၊ တာဝန်ယူပြီးပြင်ဆင်ခိုင်းတာတွေကို လုပ်မယ်ဆိုတဲ့အစီအစဉ်တွေရှိနေပြီဖြစ်ပေမဲ့လည်းပဲ ဌာနဆိုင်ရာတွေက ပြန်လည်စိစစ်ပေးဖို့အတွက် ကျွန်မမေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ လိုအပ်ချက်ဖြစ်တဲ့ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားတွေဟာ ရေရှည်အသုံးပြုနိုင်ဖို့ မရှိမဖြစ်လိုအပ်နေပေမဲ့လည်း မရရှိသေးတဲ့အခြေခံအဆောက်အဦတွေကို အမြန်ပြည်လည်ဖြည့်ဆည်းပေးနိုင်ဖို့ရန်အတွက် ဘဏ္ဍာငွေတွေအလေအလွင့်မရှိဖို့၊ စီစဉ်ကြီးကြပ်ဖို့ ဖြစ်တယ်ပေါ့နော်။ နောက်ပြီးတော့ ဌာနဆိုင်ရာမှာတာဝန်ရှိတဲ့သူ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိ စေဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ကျွန်မဒီမေးခွန်းမေးတာဖြစ်ပါတယ်။

Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပြုပါရှင်။ ဒါကတော့ တံတား-ပုတ္တလုတ်-စစ်တန်းလမ်း နှစ်မိုင်အကွာအဝေးရှိတာကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ Mother Company Ltd ကနေပြီးတော့မှ ၂၀၉.၂၂၄ သန်းအကုန်အကျခံပြီးတော့မှ စတင်ပြီးတော့ပြင်ခဲ့တာ ဖြစ်ပါတယ်။ နောက်ထပ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာပဲ အဲဒီရဲ့တံတား-စစ်တန်း-ပုတ္တလုတ်-မရမ်းပေးလမ်း ၃ မိုင်အကွာအဝေးကို AMG Company ကနေပြီးတော့မှ ကျပ် ၃၄၇.၅၆ သန်း ပြန်လည်တောင်းခံပြီးတော့မှ တံတား-စစ်တန်း-ပုတ္တလုတ်-မရမ်းပေးလမ်းကိုပဲ ပြန်ဆောက်တာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီ တံတား-စစ်တန်း-ပုတ္တလုတ်လမ်းရဲ့အပေါ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မှာပဲ AMG Company ကနေပြီးတော့မှ သစ်သားတံတားတွေ ၁၄.၀၆ သန်းကုန်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီနှစ်နှစ်စာအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်နှစ်စာအတွင်းမှာ တံတား-စစ်တန်း-ပုတ္တလုတ်လမ်းအတွက် စုစုပေါင်းကုန်ကျငွေဟာ ၅၇၀.၃၈၄ သန်း ဖြစ်ပါတယ်။ ဒါဟာ နှစ်နှစ်စာအတွက်သုံးခဲ့တဲ့ ဒီလမ်းတစ်လမ်းတည်းအပေါ်သုံးတဲ့သန်း ဖြစ်ပါတယ်။

ဒီနှစ်နှစ်စာအတွင်းမှာ ၅၇၁.၃၈၄ သန်းကုန်သွားပါပြီ။ ဒါပေမဲ့လည်း လက်ရှိတံတား-စစ်တန်း-ပုတ္တလုတ်-မရမ်းပေးလမ်းရဲ့အခြေအနေကတော့ ဒီပုံမှာပြတဲ့အတိုင်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါက လက်ရှိအခြေအနေလေး ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဒီလမ်းကပျက်စီးနေတဲ့အတွက်ကြောင့်မို့လို့ ပြန်ပြီးတော့ ပြင်ဆင်ဖို့အတွက်ဆိုပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြန်ပြီးတော့ တံတား-စစ်တန်း-ပုတ္တလုတ်-မရမ်းပေးလမ်းကို ပြင်ဖို့အတွက်ကို သိန်းပေါင်း ၄၀၀ ကျော် ပြန်ပြီးတော့ တင်ပြတောင်းခံထားတာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီလမ်းကပြင်လို့မရတဲ့အတွက်ကြောင့် ကုမ္ပဏီတွေက ဒါကို ဘယ်သူမှလေလံဆွဲခြင်းမရှိပါဘူးရှင့်။ လေလံဆွဲခြင်းမရှိတဲ့အတွက် အခုချိန်ထိ ကျွန်မတို့က ဒီလမ်းကိုအသုံးပြုလို့မရပါဘူး။ ဒီလမ်းက ကျွန်မတို့ကျောက်တန်းမှာရှိတဲ့ ကျေးရွာ ၁၂ ရွာ အပါအဝင် ကျောက်တန်းနှင့်ကပ်လျက်ဖြစ်တဲ့ သုံးခွမြို့မှာရှိတဲ့ ကျေးရွာပေါင်းရှစ်ရွာလောက်ကလည်း ဒီလမ်းကိုမှီခိုသုံးနေရတာဖြစ်ပါတယ်။ နောက်ထပ်လမ်းတစ်ခုကတော့ ပီလခတ်လမ်းပါ။ ဒါကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ AMG Company Ltd ကနေပြီးတော့ ၈၅၈.၉ သန်း အကုန်အကျခံပြီးတော့ ခင်းပေးခဲ့တာဖြစ်ပါတယ်။ လမ်းခင်းပြီးတော့ လပိုင်းအတွင်းမှာလမ်းတွေဟာ ဒီလိုပုံစံမျိုးဖြစ်သွားပါတယ်ရှင့်။

ဒါကြောင့်မို့လို့ ဒီလိုပျက်စီးနေတဲ့လမ်းတွေကို တာဝန်ယူပြီးပြင်ဖို့အတွက်ကြောင့်မို့လို့ ကုမ္ပဏီတွေကို အကုန်အကျခံပြင်ပေးဖို့အတွက်ကို အစီအစဉ်ရှိ/မရှိကို မေးရခြင်းဖြစ်ပါတယ်။ အခုဆိုရင် ဒီလမ်းတွေက ပြည်သူတွေသုံးလို့မရတော့တဲ့အတွက်ဖြစ်ပါတယ်ရှင့်။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမြမျိုးရဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ ဒေါ်အေးမြမြမျိုးအနေနဲ့ ယခုလိုကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာနဲ့ မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါရှိနေတဲ့

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့တဲ့ လမ်း၊ တံတားများအနက်မှ အချို့မှာအချိန်တိုအတွင်း ပျက်စီးခဲ့သည်မှာ မှန်ကန်ပါတယ်။ မူလကျေးလက်လမ်းများရဲ့ဒီဇိုင်းများဟာ ရန်ပုံငွေကန့်သတ်ချက်အရ မြေသားလမ်း ၂ ပေထု၊ ကျောက်ချောလမ်း ၉ လက်မထု၊ ကတ္တရာလမ်း ၉ လက်မထု၊ ကွန်ကရစ်လမ်း ၆ လက်မမှ ၈ လက်မထု၊ နှစ်ဘက်ကွန်ကရစ်ဘီးလမ်း ၇ လက်မထုသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အောက်ခံမြေသားလမ်းခံနိုင်ရည်အားနည်းခြင်းကြောင့်လည်းကောင်း၊ တန်ပို ယာဉ်များဝင်ရောက်မှုကို မထိန်းသိမ်းနိုင်ခြင်းကြောင့်လည်းကောင်း၊ လမ်း၊ တံတားလုပ်ငန်းများ ပုံမှန် ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ရန်ပုံငွေလျာထားမှုမရှိခဲ့ခြင်းကြောင့်လည်းကောင်း အချိန်တိုအတွင်း မှာ လမ်း၊ တံတားများပျက်စီးခဲ့ရခြင်းဖြစ်ပါတယ်။ နမူနာအားဖြင့် ကျောက်တန်းမြို့နယ်၊ ပီလခတ်-ဝဲကြီးလမ်းပိုင်းမှာ ယခင်ကယာဉ်ငယ်အစီး ၃၀ ခန့်သာ ဖြတ်သန်းသွားကြပေမဲ့လည်းပဲ မှော်ဝန်း တံတားတည်ဆောက်ပြီးစီးသည့်အချိန်မှစ၍ ကုန်စည်စီးဆင်းမှုဟာ ပိုမိုကောင်းမွန်လာတဲ့အတွက် လူစီးမော်တော်ယာဉ်များ အပြင် ၁၀ တန်အထက်ကုန်တင် ကားကြီးများ၊ ဒိုင်နာကားများ၊ ထော်လာဂျီ များ တစ်နေ့လျှင်အစီး ၃၀၀ ခန့်ဖြတ်သန်းသွားလာလျက်ရှိခြင်းကြောင့် အချိန်တိုအတွင်း ပျက်စီး ခဲ့ရကြောင်းစစ်ဆေးတွေ့ရှိပါတယ်။ ဒ့ါအပြင် လမ်းများပျက်စီးမှုမရှိစေရေးအတွက် လမ်းခံနိုင်ဝန်ပြ ဆိုင်းဘုတ်များ၊ ယာဉ်ကြီးကန့်သတ်သည့် ဂိုးတိုင်တန်းများ တပ်ဆင်ထိန်းသိမ်းထားခဲ့သော်လည်းပဲ စည်းကမ်းမဲ့ယာဉ်ကြီးများမှ အကြိမ်ကြိမ်ဝင်ရောက်တိုက်ခြင်းကြောင့် ဖျက်ဆီးခံရခြင်းများဖြစ်ပေါ် ခဲ့ပြီးခွင့်ပြုခံနိုင်ဝန်ထက် အဆမတန်ကျော်လွန်ခဲ့တဲ့တန်ပိုယာဉ်များ စည်းကမ်းမဲ့ဖြတ်သန်းသွားလာ နေခြင်းတို့ကြောင့် ကျေးလက်လမ်းများရဲ့ဘဝဟာ အချိန်တိုအတွင်း ပျက်စီးရတဲ့အခြေအနေကို ရောက်ရှိရပါတယ်။ ထိုသို့ စည်းကမ်းမဲ့တန်ပိုယာဉ်တွေကို ဖြတ်သန်းသွားမှုကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်း၍ အရေးယူဆောင်ရွက်သွားရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

တည်ဆောက်ရေးကုမ္ပဏီရဲ့ အားနည်းမှုကြောင့် စာချုပ်သက်တမ်းမပြည့်မီပျက်စီးခဲ့ရတဲ့ ကျေးလက်လမ်း၊ တံတားများကိုတော့ တင်ဒါရရှိခဲ့တဲ့ကုမ္ပဏီများကို တာဝန်ယူစေပြီး တိုင်းဒေသကြီး ကျေးလက်ဒေသခံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ညွှန်ကြားပြီးတော့ ပြင်ဆင်ထိန်းသိမ်း ပေးလျက်ရှိပါသည်။ နမူနာအားဖြင့် တန်ပိုယာဉ်များ စည်းကမ်းမဲ့ဝင်ရောက်မှုတို့ကြောင့် ပျက်စီးခဲ့တဲ့ ပီလခတ်-ဝဲကြီးလမ်းပိုင်းကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး သက်ဆိုင်ရာကုမ္ပဏီကို တာဝန်ပေးအပ်ပြီး ၅-၅-၂၀၁၆ ရက်နေ့မှ ၃၀-၅-၂၀၁၆ ရက်နေ့အထိ ၄၇၅၀ ပေ ပြန်လည်ပြုပြင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ ဒေသဆိုင်ရာ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေး

ကော်မတီကို ဖွဲ့စည်းထားပြီးလည်းဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်ပေးတဲ့ပုံလေးကို Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါက လက်ရှိအခြေအနေမှာ ပီလခတ်-ဝဲကြီး ကွန်ကရစ်လမ်းပိုင်းပျက်စီးမှုကို AMG ကုမ္ပဏီလီမိတက်ကနေပြန်လည်ပြုပြင်ဖို့ ဆောင်ရွက်ခဲ့တဲ့ပုံပဲဖြစ်ပါတယ်။ AMG ကုမ္ပဏီလီမိတက်က ပြုပြင်ဆောင်ရွက်ဖို့ မှတ်တမ်းဖြစ်ပါတယ်။ ဒါ ပြုပြင်ပြန်လည်ဆောင်ရွက်ပေးခဲ့တဲ့ ပုံပဲဖြစ်ပါတယ်။ ဒါကတော့ ပန်းချောင်း-ဆင်မတော်ကွန်ကရစ်လမ်းပျက်စီးမှုကို Mother ကုမ္ပဏီလီမိတက်မှ ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းမှတ်တမ်းပဲဖြစ်ပါတယ်။ ဒီ Mother ကုမ္ပဏီလီမိတက်ကပဲ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးဖို့ရာ စီမံဆောင်ရွက်ခဲ့တဲ့ဟာဖြစ်ပါတယ်။ ဒီပြန်လည်ပြင်ဆင်ဆောင်ရွက်တဲ့အတိုင်းဖြစ်ပါတယ်။ ဒါကတော့ ဆောင်ရွက်ပြီးစီးမှုအခြေအနေနဲ့ မှတ်တမ်းတွေဖြစ်ပါတယ်။ ဒါကတော့ တန်ပိုယာဉ်များရဲ့ ဖြတ်သန်းသွားလာနေတဲ့ပုံဖြစ်ပါတယ်။ ဒီမှာလည်းပဲ တန်ပိုယာဉ်တွေ ဖြတ်သန်းသွားလာနေတဲ့ပုံ ဖြစ်ပါတယ်။ ဒီမှာ ဒီစက်ကြီးများပင် ဖြတ်သန်းသွားလာနေတဲ့ အနေအထားမျိုးတွေကို တွေ့ရပါတယ်။ ဒီတော့ လက်ရှိအနေအထားမှာ နိုင်ငံတော်အနေနဲ့ ဆောင်ရွက်နေတဲ့ဟာက ရှေ့ဆက်လက်ဆောင်ရွက်မယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး ကျေးလက်လမ်း၊တံတားကို ရေရှည်တည်တံ့ဖို့ရာအတွက် အသစ်ရေးဆွဲထားတဲ့ ကျေးလက်လမ်း၊ တံတား Design နှင့် Specification များကို လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်းပဲ ဖွဲ့စည်းပြီးတော့ ဝန်ကြီးဌာနလေးခု ဝန်ကြီးများပါဝင်လျက်ရှိတဲ့အဖွဲ့များကနေ ကြီးကြပ်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လမ်း၊ တံတားများကို ပုံမှန်ပြင်ဆင် ထိန်းသိမ်းနိုင်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံပြီး လမ်း၊ တံတားများပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းကိုဆောင်ရွက်သွားမှာလည်းပဲ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီမှဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းများဟာ သဘာဝဘေးကြောင့်လည်းကောင်း၊ တန်ပိုယာဉ်များကြောင့်လည်းကောင်း ပျက်စီးရခြင်းမှလွဲ၍ အာမခံကာလနှစ်နှစ်အတွင်းပျက်စီးပါက အဆိုပါကုမ္ပဏီမှ တာဝန်ယူပြုပြင်ပေးရမည်ဖြစ်ကြောင်းနှင့် စာချုပ်ချုပ်ဆိုရာမှာ ထည့်သွင်းချုပ်ဆိုထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တာဝန်ယူဆောက်လုပ်ထားတဲ့ ကုမ္ပဏီများအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအတိုင်း မဆောင်ရွက်လျှင်သော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင်သော်လည်းကောင်း တည်ဆောက်ရေးလုပ်ငန်းများမှာ တင်ဒါဆွဲဝယ်ခွင့်ပိတ်သိမ်းခြင်း၊ အမည်ပျက်စာရင်းတင်သွင်းထားခြင်း၊ တရားစွဲဆို

ခြင်းများကို ပြုလုပ်ဆောင်ရွက်သွားမည်လို့လည်း ဖြေကြားအပ်ပါတယ်။ ထပ်ဆင့်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်ထဲမှာပါတဲ့ လုပ်ငန်းဆောင်ရွက်မှုမရှိဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ လေလံဆွဲခြင်းတောင် မရှိတော့ဘူးဆိုတဲ့ စကားရပ်လေးကို ကြားလိုက်ရတဲ့အတွက် ဒီအခြေအနေသည် တစ်ဖက်နှင့်တစ်ဖက် မျှခြေအခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့ သူတွေကို မိမိဘက်က စံချိန်စံညွှန်းနဲ့ မကိုက်ညီခဲ့ရင် စောစောက ကျွန်တော်တို့ဝန်ကြီးဌာနက ဆောင်ရွက်မယ့်လုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်သလို ပြည်သူပြည်သားများရဲ့ Awareness လို့ခေါ်တဲ့ လိုက်နာထိန်းသိမ်းမှုနဲ့ ကျွန်တော်တို့ အုပ်ချုပ်ရေးဦးစီးဌာနကနေ ပြီးမှ မဖြတ်သန်းသင့်တဲ့ နေရာနဲ့ မဖြတ်သန်းမှုအချက်ကလည်း အလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို တင်ပြရင်းနဲ့ ကျွန်တော့်ရဲ့ဆောင်ရွက်ချက်၊ ဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်ကို တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ရှင်းပေးသွားတာ ကျေးဇူးအများကြီး တင်ပါတယ်ရှင်။ ဒါပေမဲ့လည်း အဲဒီရဲ့ပြင်ပါတယ်ဆိုတဲ့ ဝဲကြီး-ပီလခတ်လမ်းက အခုလုံးဝသုံးလို့မရပါဘူး။ ကျွန်မတို့ ကျောက်တန်းကနေပြီးတော့ တံတားမြို့ခွဲကို သွားဖို့ တံတားမြို့ခွဲရဲ့ဘက်မှာ၊ မှော်ဝန်းချောင်းရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ကျေးရွာတွေက အခုအချိန်မှာ ဘယ်လိုမှကို သုံးလို့မရပါဘူး။ ဒီလမ်းက ကျွန်မ Slide မှာပြတဲ့ပုံတွေက ၉ လပိုင်းတုန်းက ရိုက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ မိုးရွာပြီးတဲ့အခါမှာ ဒီလမ်းက အခု ရွှံ့သားအတိဖြစ်တဲ့လမ်းဖြစ်နေပါတယ်။ ပြီးတော့ ကုန်တင်တာ ပိုတင်လို့ဆိုပြီးမှ ကုမ္ပဏီတွေက ပြောပါတယ်။ တကယ်တမ်းအဲဒီရဲ့ ဝဲကြီး-ပီလခတ်လမ်းမှာ ပီလခတ်ဘုရားကျောင်းကနေ တာဝန်ယူဆောက်လုပ်ထားတဲ့လမ်းသည် နှစ်ပေါင်းများစွာကြာပါပြီ။ ပြီးတော့ ဝဲကြီး-ပီလခတ်ပြီးတော့ သုံးခွလမ်းသည် ဒီ့ထက်နှစ်ပိုကြာပါပြီ။ အဲဒီလမ်းတစ်လျှောက်လုံးမှာရှိတဲ့ ကုန်တင်ကားတွေဟာ လမ်းကိုအတူတူဖြတ်တာခြင်းအတူတူ ပီလခတ်ဘုရားကနေပြီးတော့ ဂေါပကအဖွဲ့က တည်ဆောက်ခဲ့တဲ့ လမ်းက လုံးဝမပျက်ပါဘူး။ သုံးခွဘက်ကလမ်းက လုံးဝမပျက်ပါဘူး။ ဒီလမ်းကပဲ ဒီလို ဖြစ်နေတာဖြစ်ပါတယ်။ ကျွန်မတို့ ရန်ကုန်ကနေပြီးတော့ ကျောက်တန်းကိုသွားမယ်ဆိုရင် သုံးနေရာ လမ်းဝင်ကြေးပေးရပါတယ်။ သံလျင်မှာ ၃၀၀ ကျပ်ပေးရတယ်။ ကျောက်တန်းကို သွားမယ်ဆိုလို့ရှိရင် ကျောက်တန်းရဲ့လမ်းဝင်ကြေးပေးရပါတယ်။ ငါးနေရာဖြတ်ပြီးမှ အဲဒီနေရာကို ရောက်ပါတယ်။ ဆိုတော့ ဒီလမ်းဝင်ကြေးတွေလည်းပေးရဲ့သားနဲ့ ကုန်တင်ယာဉ်ကိုစစ်ဆေးဖို့သည် ဘယ်သူတာဝန်ယူပေးမှာလဲ။

ပြီးတော့ ကုန်တင်တဲ့ကုန်တွေမှာ သဲကားတွေက ဘေးကိုပံ့အောင်လုပ်ပြီးတော့ခင်းထားလို့ ဖြတ်လို့ ရတယ်။ အပေါ်ကနေပြီးတော့ တားလိုက်တဲ့အတွက်ကြောင့် ဖွဲ့ကားတောင်ဖြတ်လို့မရတဲ့ ပြီးတော့မှ အသုံးပြုလို့မရတဲ့အခက်အခဲတွေရှိတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ ဒီလမ်းတစ်လျှောက်မှာ စပါးခင်းတွေ ရှိပါတယ်။ ကျောက်တန်းက မိုးစပါးစိုက်ဧကတစ်သိန်းခွဲကျော်ရှိပါတယ်။ ဆိုတော့ ဒီလမ်းပေါ်မှာ ကျွန်မတို့အသုံးမပြုဘဲနဲ့ ဒီကုန်စည်တွေအတွက် မလုပ်ဘဲနဲ့ ကျွန်မတို့ဘယ်လိုမှ အဆင်မပြေပါဘူး။ အဲဒီအတွက်ကြောင့်မို့လို့ ဒီလမ်းကိုပြန်ပြီးတော့ သုံးလို့ရတဲ့အတွက် ပြန်ပြီးတော့ပြင်ဆင်ပေးဖို့ အစီအစဉ်ရှိ/မရှိကို ထပ်ဆင့်မေးခွန်းအနေနဲ့ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လမ်းကို ပြန်လည်ပြင်ဆင်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာနဲ့ပတ်သက်လို့ကတော့ ကျွန်တော် မေးခွန်းနှစ်ခုပဲပြောပါမယ်။ ကျွန်တော်တို့ ဒီလမ်းရဲ့ဆောင်ရွက်ချက်အတိုင်းအတာမှာ စောစောကကျွန်တော်ရဲ့ဖြေကြားချက်ထဲမှာပါတဲ့အတိုင်းပဲ သက်ဆိုင်ရာကုမ္ပဏီနဲ့ စာချုပ်ချုပ်တဲ့အခါ မှာ ကုမ္ပဏီရဲ့အားနည်းချက်ရှိရင် ကုမ္ပဏီကို ဆောင်ရွက်ခိုင်းမယ်။ တကယ်လို့ မဆောင်ရွက်ခဲ့ဘူးဆို ရင် ကုမ္ပဏီပျက်စာရင်းတင်သွင်းမယ်လို့ ဝန်ကြီးဌာနအနေနဲ့ ပြန်ကြားတယ်။ ဒုတိယအချက်က ကျွန်တော်တို့က မိုးရာသီတိုင်းမှာ ပြင်ရတာက ကျွန်တော်တို့လို ကျေးလက်လမ်းအဆင့်မျိုးမပြောပါနဲ့။ မိုးအများကြီးရွာတဲ့ ရန်ကုန်-ပုသိမ်လမ်းမျိုးတောင်မှ ပြင်ဆင်မှုဆိုတာ အမြဲတမ်းလုပ်ရပါတယ်။ ပြင်ဆင် တဲ့ကြားကလည်းပဲ အမြဲပျက်နေပါတယ်။ ဒီလိုလုပ်ငန်းမျိုးတွေနဲ့ ကြုံကြိုက်နေရပါတယ်။ ဒီအတွက် ဒုတိယအဖြေကို ပြောမယ်ဆိုလို့ရှိရင် ပြင်ဆင်ပေးဖို့အစီအစဉ်ရှိ/မရှိဆိုတာ သက်ဆိုင်ရာ တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်ရဲ့လျာထားမှု၊ နိုင်ငံတော်ရဲ့ခွင့်ပြုနိုင်တဲ့အတိုင်းအတာကို မှီတည်ပြီးတော့ပဲ ကျွန်တော်တို့ ပြင်ဆင်တဲ့လုပ်ငန်းကို ဆောင်ရွက်နိုင်မှာဖြစ်တယ်ဆိုတဲ့အကြောင်းကို တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းကင်းမြို့နယ်၊ မြစ်ရိုးအထက်ပိုင်း၊ ကမ်းပြည့်ရွာမှ တရာရွာအထိ ဖောက်လုပ်ထားသော လမ်းအရှည် ၂၄ မိုင်နှင့် ကြိုးတံတားနှစ်စင်းအား ကျေးလက်လမ်းအဖြစ် လွှဲပြောင်းရယူပြီး ရေရှည်ကြံ့ခိုင်အောင် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင်တော့ Road Communication၊ Tele Communication နဲ့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ Developing Country ဖြစ်ပေမဲ့ ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာနယ်မြေကတော့ Enter Developed State မှာပဲ ရှိပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ကုန်းလမ်းမရှိဘူး။ တယ်လီဖုန်းမကောင်းဘူး။ လျှပ်စစ်မီးမရှိပါဘူး။ ဒါကြောင့် ကျွန်တော်အနေနဲ့ မြို့နယ်တစ်ခုလုံးကို လွှမ်းခြုံစဉ်းစားပြီးတော့မှ ဖြစ်နိုင်ခြေရှိတဲ့နေရာတွေမှာ ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်နေပါတယ်။ မင်းကင်းမြို့နယ်က လူဦးရေ ၁.၃ သိန်းရှိတဲ့ အနက် မြစ်ရိုးအထက်ပိုင်းလို့ခေါ်တဲ့ဒေသဟာ ကျေးရွာ ၃၃ ရွာ၊ လူဦးရေသုံးသောင်းကျော် မှီတင်း နေထိုင်လျက်ရှိပါတယ်။ ဒါပေမဲ့ မြို့နယ်ဆက်သွယ်ဖို့အတွက် ကုန်းလမ်းမရှိဘဲ ချင်းတွင်းမြစ်ကြောင်း ကိုသာ မှီခိုနေရပါတယ်။ ချင်းတွင်းမြစ်ကလည်း မိုးတွင်းမှာရေကြီးတဲ့အခါ အန္တရာယ်အလွန်များပါ တယ်။ အောက်တိုဘာလဆန်းက အောင်စိုးမိုးကျော်အမြန်ရေယာဉ်နစ်မြုပ်မှုကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။ နွေနှင့်ဆောင်းအခါမှာတော့ သောင်ပြင်များပေါ်လာတဲ့အတွက် သွားလာရေးခက်ခဲ ပြန်ပါတယ်။ ဒါကြောင့်လည်း ကုန်းလမ်းမရှိတဲ့နေရာမှာ မြစ်ကြောင်းတစ်ခုပဲ မှီခိုနေရတဲ့ဘဝက လွတ်မြောက်အောင် ၂၄ မိုင်ရှည်တဲ့မြေသားလမ်းနှင့် ပေ ၃၀၀ အရှည်ကြိုးတံတားနှစ်စင်းကို ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ပါတယ်။ မြေသားလမ်းအတွက် မြေနေရာရရှိရေး ညှိနှိုင်းမှုတွေကိုလည်း ခက်ခက်ခဲခဲနှင့် ညှိနှိုင်းပြီးတော့ ပြီးပြတ်အောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါ တယ်။ ကြိုးတံတားကိုတော့ ဆွစ်ဇလန်နိုင်ငံသားမစ္စတာတိုနီနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ကြိုးတံတားနှစ်စင်းကိုတော့ ၂၀၁၆ ခုနှစ် မေလနှင့် အောက်တိုဘာလများက ဖွင့်လှစ်ပြီးစီးပြီး ပြည်သူ လူထုများလည်း သုံးစွဲလျက်ရှိပါတယ်။ ကြိုးတံတားဖြစ်လို့ မော်တော်ကားသွားလို့တော့ မရပါဘူး။ သို့သော်လည်း ထော်လာဂျီ၊ ဆိုင်ကယ်၊ ဆိုက်တွဲနှင့် လူတွေတော့ အန္တရာယ်ကင်းစွာပဲသွားလာနိုင်ပါ တယ်။ ဒီတံတားအတွက် လိုအပ်တဲ့ သံထည်ပစ္စည်း၊ စတီးကြိုးနှင့် နည်းပညာတွေကို မစ္စတာတိုနီကပံ့ပိုးပေးပြီး ကျွန်တော်တို့ဘက်ကတော့ တံတားတစ်စင်းကို ကျပ်သိန်း ၂၅၀ ခန့် ကျခံပြီးတော့ သုံးစွဲခဲ့ရပါတယ်။ ဗဟုသုတအနေနဲ့ တင်ပြရမယ်ဆိုရင်တော့ မစ္စတာတိုနီဟာ

နာဂစ်ကာလက မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပြီးတော့မှ ချောင်းမတံတားဟာ သူ့ရဲ့မြန်မာနိုင်ငံမှာ လှူဒါန်းတဲ့ အစင်းတစ်ရာမြောက်တံတား ဖြစ်ပါတယ်။ ကျွန်တော့်အတွက်ကတော့ မင်းကင်းမြို့နယ်မှာ သုံးစင်းမြောက်တည်ဆောက်ခဲ့တဲ့ ပေ ၃၀၀ ရှည်ကြိုးတံတားလည်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက် အခက်အခဲကို သိရှိနားလည်တဲ့အတွက်ကြောင့်မို့လို့ လမ်းရော၊ တံတားရောကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ပေမဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ လမ်းတွေ၊ တံတားတွေဖြစ်ဖို့အတွက်ကိုတော့ နိုင်ငံတော်ရဲ့ တာဝန်ယူမှုနှင့် ပံ့ပိုးဆောင်ရွက်မှု လိုအပ်လှပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ရဲ့မေးခွန်းကတော့ ကမ်းပြည့်ကျေးရွာမှ တရာကျေးရွာအထိ မြေသားလမ်းနဲ့ မူရာကြိုးတံတား၊ ချောင်းဝရွာကြိုးတံတား တို့ကို ကျေးလက်လမ်းအဖြစ်နဲ့ ဝန်ကြီးဌာနက လွှဲပြောင်းထိန်းသိမ်းရန်အတွက် အစီအစဉ်ရှိ/မရှိဖြစ်ပါ ကြောင်းလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ ယခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာနဲ့ မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ် ကမ်းပြည့်ရွာမှ တရာရွာအထိ မြစ်ရိုးအထက်လမ်းမှာ ၂၄ မိုင် ၃ ဖာလုံရှိပြီး တရာရွာမှ ရှားတောရွာအထိ ၉ မိုင် ၃ ဖာလုံမှ လူသွားလမ်းအဆင့်သာရှိပြီး ကျန်လမ်းပိုင်းဖြစ်တဲ့ ရှားတောရွာမှ ကမ်းပြည့်ရွာအထိ ၁၅ မိုင်ကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အလှူရှင်ဖြစ်တဲ့ ဦးမောင်မြင့်ကိုယ်တိုင်ကနေပြီးတော့ တစ်ကြောင်း ထိုးမြေသားလမ်းဖောက်လုပ်ခြင်း၊ အဆိုပါလမ်းပေါ်မှာရှိတဲ့ ချောင်းဝကျေးရွာအဝင်နှင့် အူကျေးရွာ အထွက်တို့တွင် လူကူးကြိုးတံတား ၃၀၀ ပေ နှစ်စင်းတို့ကို တည်ဆောက်လှူဒါန်းပေးခဲ့တယ်လို့ သိရှိရပါတယ်။ အဆိုပါလမ်းမှာ ပွင့်လင်းရာသီမှာ ဖြတ်သန်းသွားလာမှုရှိပြီး မိုးတွင်းကာလမှာ ချင်းတွင်းမြစ်မှ စက်လှေမော်တော်များဖြင့် သွားလာလျက်ရှိပါတယ်။ အကျိုးပြုကျေးရွာ ၈ ရွာ၊ အိမ်ခြေ ၁၀၇၄ နဲ့ လူဦးရေ ၅၄၇၅ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ

မေးမြန်းလာတဲ့ ကမ်းပြည့်ရွာမှ ရှားတောရွာအထိ ၁၅ မိုင် တစ်ကြောင်းထိုးမြေသားလမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၇၅.၅၉၁ သန်းနဲ့ ၁၈ ပေအကျယ်၊ ၂ ပေထုမြေသား တာပေါင်တင်ခြင်းလုပ်ငန်း ၄ မိုင် ၃.၁ ဖာလုံကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်လက်ပြီးတော့ မေးမြန်းချက်ထဲမှာပါဝင်တဲ့ လမ်းအရှည် ၁၅ မိုင်နှင့် ကြိုးတံတားနှစ်စင်းကို လွှဲပြောင်းရယူခြင်းနှင့် ရေရှည်ကြံ့ခိုင်အောင် ဆောင်ရွက်ပေးနိုင်တဲ့ အစီအစဉ်နှင့်ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လမ်း၊ တံတားဆိုင်ရာအချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိပါက အဆိုပါလမ်းနှင့်တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းရယူပြီး ရေရှည်အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာ၊ နမ့်ယွန်းချောင်းကူးသစ်သားတံတားကြီး ပြန်လည်ပြုပြင်ဆောင်လုပ်နိုင်ရေးအတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ နမ့်ယွန်းချောင်းကူး သစ်သားတံတားကြီး ပြန်လည်ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် ဤမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စဥ့်ဝင်ကျေးရွာအုပ်စု၊ နမ့်ယွန်းချောင်းကူးသစ်သားတံတားကြီးသည် ပေ ၂၆၄ ပေရှည်လျားပြီး စည်ပင်သာယာနယ်နိမိတ်လည်းမဟုတ် ပ.ဆ.၀ ပိုင် တံတားလည်းမဟုတ်သဖြင့် ကျေးရွာလူထုမှ ယနေ့တိုင်

ကိုယ့်အားကိုယ်ကိုးပြီး စုပေါင်းပြုပြင်နေရဆဲဖြစ်ပါတယ်။ ယခုအခါ ပျက်စီးယိုယွင်းမှု အနေအထား ပိုမိုဆိုးရွားလာပြီး အန္တရာယ်ရှိတဲ့ သစ်သားတံတားတစ်စင်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ဤနမ့်ယွန်းချောင်းကူးသစ်သားတံတားကြီး ပြင်ဆင်ဆောက်လုပ်နိုင်ရေးအတွက် ကျွန်တော့်အနေနဲ့ တတိယအကြိမ် တင်ပြတောင်းဆိုရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် အနည်းငယ်တင်ပြခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ ပုံမြင်ရတဲ့အတိုင်းပဲ သစ်သားတံတားကြီး ဟာ အနှစ် ၄၀၊ ၅၀ မက ကြာမြင့်နေပြီဖြစ်တဲ့အတွက် ဟောင်းနွမ်းအိုမင်းနေပြီဖြစ်ပါတယ်။ အဲဒီအပေါ် က မြင်ရတဲ့ Main လမ်းတွေကတော့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးဆောင်မှုနဲ့ ရွာသားတွေက တစ်အိမ်ကျ စုပေါင်းအားပါဝင်ပြီးတော့မှ ကားလမ်းလေး Main လမ်းကို ပြန်လည်ပြုပြင်ထားတဲ့ပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါက တံတားကြီးကို ဘေးတိုက်မြင်ရတဲ့အနေအထားဖြစ်ပါတယ်။ ခိုင်မာမှုမရှိတဲ့အတွက် အဲဒီမှာ ဆိုင်ကယ်တွေ၊ နွားလှည်းတွေ ပြုတ်ကျပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါပြုတ်ကျဖူးပါတယ်။ ဒါက တံတားကြီးအောက်ပိုင်းကို မြင်ရတဲ့ပုံဖြစ်ပါတယ်ခင်ဗျ။ အင်မတန်မှကို ဟောင်းနွမ်းအိုမင်းနေပြီဖြစ်ပါတယ်။ ဒါပြီးခဲ့တဲ့လွှတ်တော်အားလပ်ရက်တုန်းက ကျွန်တော်ကိုယ်တိုင်ရိုက်ကူးထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါ ဟိုဘက်ကမ်းမှာရှိတဲ့ စာသင်ကျောင်းလေးကို ဆောက်လုပ်ဖို့သွားတဲ့ ကုမ္ပဏီတစ်ခုဟာ ဝင်ဝင်ချင်းဖြတ်တော့ ကားမတော်တဆဖြစ်ပါတယ်ခင်ဗျား။ ဒါတံတားဝင်ဝင်ချင်းမှာပဲ ကျွံတဲ့အတွက် အန္တရာယ်ကင်းပါတယ်။ လေးယောက်စလုံး မသေမပျောက်ပါဘူး။ တကယ်လို့ တံတားအလယ်မှာဖြစ်မယ်ဆိုရင်တော့ အားလုံးမတွေးဝံ့စရာပါပဲခင်ဗျား။ ဒါ ယခုလက်ရှိကျွံကျထားတဲ့နေရာကို ကုမ္ပဏီက ပြန်လည်ပြင်ဆင်ထားတဲ့အနေအထားဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မေးမြန်းလိုသည်မှာ အန္တရာယ်ရှိသစ်သားတံတားကြီးကို ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့မှ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မှာလဲ၊ မည်သည့်ဘဏ္ဍာရေးနှစ်မှာ အပြီးသတ်ဆောက်လုပ်ပေးနိုင်မည်နည်းဆိုတာကို စဉ့်ဝင်ကျေးရွာအုပ်စု မဲဆန္ဒရှင်များကိုယ်စား ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းက ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းမှာရှိတဲ့ စဥ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာရှိမှာရှိတဲ့ နမ့်ယွန်းချောင်းကူးသစ်သားတံတားရဲ့ လက်ရှိအခြေအနေဟာ ၂၄၃ ပေ ၁၂ ပေ ၁၃ ပေ အတိုင်းအတာရတဲ့ ပျက်စီးလျက်ရှိသော သစ်သားတံတားတစ်စင်းဖြစ်ပြီး အဆိုပါနေရာဟာ ချောင်းများပေါင်းဆုံရာနေရာတစ်ခုဖြစ်တဲ့အတွက် အကျယ်အဝန်းအားဖြင့်လည်း ၂၄၃ ပေ အကျယ်ရှိတဲ့ချောင်းလို့ သိရပါတယ်။ တံတားအသစ်ပြန်လည်တည်ဆောက်ပါက မြေပြင်အနေအထားအရ ၁၂၀ ပေ ၁၄ ပေ ၁၃ ပေ တံတားတစ်စင်းနှင့်ချောင်းကမ်းနှစ်ဘက်မှာ ကျောက်စီမြေထိန်းနံရံ နှစ်ဘက် ပြန်လည်တည်ဆောက်ရန်လိုအပ်မှာဖြစ်ပါတယ်။ နမ့်ယွန်းချောင်းကူးကွန်ကရစ်တံတားအသစ် ၁၂၀ ပေ ၁၄ ပေ ၁၃ ပေ ဆောင်ရွက်ပါကငွေကျပ် ၁၄၄ သန်းနှင့် မြေထိန်းနံရံ ၂၅၀ ပေတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁၂၀ သန်း စုစုပေါင်းငွေကျပ်၂၆၄ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာသုံးရွာ၊ အိမ်ခြေ ၁၈၃ မှာရှိတဲ့ လူဦးရေ ၉၈၂ ဦးတို့ကို အကျိုးပြုမှာလည်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက်လျာထားဆောင်ရွက်တဲ့နေရာမှာပြည်နယ်/တိုင်းဒေသကြီးများမှာရှိတဲ့ လူဦးရေအချိုးအစားများအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကိုလည်း ပါဝင်လျာထားပါတယ်။ ဒါ့အပြင် ကျေးရွာများရဲ့ လိုအပ်ချက်၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဦးစားပေးအစီအစဉ်ရွေးချယ်ပြီးတော့ ခွင့်ပြုတဲ့ဘဏ္ဍာငွေအတွင်းကနေ ရွေးချယ်လျာထားဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွက်ကတော့ မိမိရဲ့ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၈၂၀.၂၈၁ သန်းဖြစ်ပြီး ယခုဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၁၀ မိုင် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၆၄ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅၄ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်တံတား ၃၆ စင်း၊ သစ်သားတံတား ၇ စင်းနှင့် Box Culvert ၄၀ စင်းတို့ကိုဆောင်ရွက်ပေးရန် လျာထားပါတယ်။

မောက်မယ်မြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၁.၂၇၅ သန်း ခွဲတမ်းရရှိတဲ့အတွက် ကျောက်ချောလမ်း ၂ မိုင် ၂

ဖာလုံနှင့် ကွန်ကရစ်တံတား နှစ်စင်းတို့ကို လျာထားဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ စဥ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာမှာရှိတဲ့ နမ့်ယွန်းချောင်းကူး ကွန်ကရစ်တံတား ဆောင်ရွက်ခြင်းလုပ်ငန်းဟာ မိမိရဲ့ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။ နှစ်အလိုက် ဦးစားပေးလျာထားချက်များအရသာလျှင် ဆောင်ရွက်သွားနိုင်မည်ဖြစ်တဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုတာကတော့ ဒီမေးခွန်းကို ကျွန်တော် ပြီးခဲ့တဲ့ ပထမသက်တမ်း အဌမမြောက်အစည်းအဝေးမှာလည်း တင်ပြဖူးပါတယ်။ ဒါ မရခဲ့ပါဘူး။ အဲဒီကတည်းက ကျွန်တော်တင်ပြပါတယ်။ နောက် ကျွန်တော်တို့ ဒီ ပထမသက်တမ်းကုန်ခါနီးမှာ ရှမ်းပြည်နယ်အစိုးရထံကို တိုက်ရိုက်လိပ်မူပြီးတော့မှ တင်ပြတောင်းခံခဲ့ပါတယ်။ ကျွန်တော်တို့ လင်းခေးခရိုင် AD ကိုယ်တိုင်မကြာခင်မှာဆောင်ရွက်ပေးမယ်ဆိုပြီးတော့မှ လူထုနဲ့ တွေ့ဆုံပွဲတစ်ခုမှာ လာရောက်ပြီးမှ ကတိကဝတ်ပေးထားပါတယ်။ သို့သော် အစိုးရသက်တမ်းတစ်ခုသာ ပြောင်းသွားပါတယ်။ ကျွန်တော်တို့ ယနေ့အချိန်အထိ မရရှိသေးပါဘူး။ ဒီတံတားကြီးကို ဖြတ်သန်းသွားလာတဲ့လူဦးရေဟာ ကျွန်တော်တို့မြို့နယ်အနေအထားက မများဘူးဆိုပေမဲ့ ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်လို့မလွယ်ပါဘူးခင်ဗျ။ ခုနတုန်းက ဝန်ကြီးဖြေသွားတဲ့ ကွန်ကရစ်တံတားနှစ်စင်းဆိုတာ ဟိုဘက်ရွာမှာသွားလုပ်တာဖြစ်ပါတယ်။ အဲဒီမှာ ကျောက်တွေတင်တာတောင်မှ ကျွန်တော်တို့က နှစ်ဆိုင်းခဲ့ပြီးမှတင်ရပါတယ်ခင်ဗျ။ ထော်လာဂျီတောင် မဖြတ်ရဲပါဘူး။ ဒီလိုအနေအထားမျိုးပါ။ လောလောဆယ်ဟိုဘက်မှာ RC စာသင်ကျောင်းတစ်ဆောင် ဆောက်လုပ်ပါတယ်ခင်ဗျ။ ဒီလိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း များစွာအခက်အခဲဖြစ်ပါတယ်။ တကယ်လို့ ဒီတံတားကြီး ထပ်မံကျိုးကျရင်တော့ အခုမြို့နယ်ကတော့ ဘယ်သူနောက်ထပ်အလှူရှင်ဖြစ်မလဲ ဆိုတာပဲ မျှော်နေပါတယ်ခင်ဗျ။ ဖြတ်တဲ့သူကတော့ အလှူရှင်ဖြစ်မှာပဲခင်ဗျ။ အဲဒီလို အနေအထားမျိုးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အတွက် အမြန်ဆုံး ဒီနှစ်မှာ မဆောင်ရွက်ပေးနိုင်ရင်တောင်မှ

၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဦးစားပေးဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်ဖြစ်တဲ့ ဒီရှေ့နှစ်မှာ ဦးစားပေးအဆင့်နဲ့ ဆောင်ရွက်ပေးဖို့ကို ကျွန်တော် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော် ဆောင်ရွက် ပေးမယ်လို့ ပြောကြားချင်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ရဲ့ အကောင်အထည်မဖော်ရသေးတဲ့ အစီအစဉ်လေးတစ်ခုလည်း တင်ပြချင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ လူအချို့နဲ့ တိုင်ပင်တဲ့ အဆင့်ပဲရှိပါသေးတယ်။ ဒါပေမဲ့ မကြာမီလပိုင်းအတွင်းမှာ ကျွန်တော်တို့အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ဖို့အစီအစဉ်ဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုလို့ရှိရင် ဒီလွှတ်တော်ကနေပြီး တင်ပြခွင့် ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အဲဒါကတော့ မျှဝေခြင်းအစီအစဉ်ပါ။ နိုင်ငံတော်ရဲ့ဘတ်ဂျက် ဟာ လုံလောက်မှုမရှိပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ဟာ တစ်နေ့လက်ဖက်ရည်တစ်ခွက်လျှော့သောက် ခြင်းအားဖြင့် မိမိလျှော့သောက်လိုက်တဲ့ လက်ဖက်ရည်တစ်ခွက်ဖိုးလေးကို ထည့်ရုံခြင်းအားဖြင့် မျှဝေပေး မယ်ဆိုရင် ပိုက်ဆံရှိတဲ့သူတွေကလုပ်မယ်ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ဝန်ကြီးဌာနက စတင် ပြီးတော့ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အခု သိန်း ၂၀၀ တန်ကို ကျွန်တော်တို့ဝန်ကြီးဌာန ကရှိတဲ့ ဝန်ထမ်းစုစုပေါင်းအရေအတွက်ဟာ လူတစ်ယောက်လက်ဖက်ရည် တစ်ခွက်လျှော့သောက် ခြင်းအားဖြင့်ဆိုတဲ့ အစီအစဉ် ကျွန်တော်ရေးဆွဲနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အချို့နဲ့လည်း တိုင်ပင်ထားပါတယ်။ ပြင်ပအဖွဲ့အစည်းတွေနဲ့ တိုင်ပင်ပြီးတော့ နိုင်ငံတော်က မတတ်နိုင်တဲ့ ဘဏ္ဍာ တွေကို စီစဉ်ဆောင်ရွက်ဖို့ အစီအစဉ်များလည်း ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်တင်ပြချင်တာပါ။ ဆိုလိုတဲ့ အဓိပ္ပာယ်က ပိုက်ဆံငွေကြေးကြွယ်ဝတဲ့သူရှိပါတယ်။ ဖြစ်မှုပြုပြင်မယ့်အစား မဖြစ်ခင် ကတည်းက အခုလို အခြေအနေမျိုးတွေကို ပြုပြင်ဖို့ရာအတွက် မိမိရဲ့ပိုလျှံတဲ့ငွေလေးကို မိမိအတွက် မထောင်းသာတဲ့ ပိုက်ဆံနဲ့မျှဝေခြင်းဆိုတာနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးဆုံး စတင်ဆောင်ရွက် မှာကတော့ ကျွန်တော့်ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဖို့အစီအစဉ်က ကျွန်တော်ရေးဆွဲပြီးပါပြီ။ တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒီအစီအစဉ်ကိုသာ ဆောင်ရွက်နိုင်မယ်ဆိုရင် အခုလို ငွေကြေးအရ နိုင်ငံတော်က မတတ်နိုင်တဲ့နေရာတွေကို ကူညီဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်းကို ဆက်လက် ပြီးတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေ ပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးထွန်းဝေအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီစိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်ဧရိယာများကို နည်းဥပဒေ ၅၇ ပါ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်မှာ တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေကြီးသည် ဓနခပ်သိမ်းရဲ့အရင်းအမြစ်ဖြစ်သည်ဆိုတဲ့ သဘောအပေါ်မှာ တော်လှန်ရေးတွေအမျိုးမျိုး ဖြစ်ပွားရာကနေပြီးမှ မတူကွဲပြားတဲ့ နိုင်ငံရေးစနစ်တွေအမျိုးမျိုးလည်း ပေါ်ပေါက်ခဲ့ရပါတယ်။ တရား

ဥပဒေရှိသော်လည်း ဥပဒေအတိုင်း လေးစားလိုက်နာမှုမရှိခြင်းကြောင့်လည်းကောင်း၊ အလွန်အကျွံ သစ်ထုတ်လုပ်ခြင်းကြောင့် ပြုန်းတီးသွားတဲ့သစ်တောများအား ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာရေးအတွက်လည်းကောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ပြုန်းတီးမှုကြောင့် ကြုံတွေ့ခံစားနေရတဲ့ သဘာဝဘေးအန္တရာယ်များမှ တစ်နှစ်ပြီးတစ်နှစ် လျော့ပါးသက်သာလာစေရေးအတွက်လည်းကောင်း၊ နိုင်ငံသားအချင်းချင်းကြားမှာ ဆင်းရဲချမ်းသာကွာဟမှုကြောင့် မြေသယံဇာတခွဲဝေမှု မမျှမတမဖြစ်စေရေးအတွက်လည်းကောင်း ကျွန်တော် ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကမ္ဘာ့အကောင်းဆုံးသစ်ဟာ မြန်မာနိုင်ငံမှာရှိတယ်။ ကမ္ဘာ့ကျွန်းသစ်ရဲ့ အရန်ကျွန်းသစ်အများဆုံးဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာရှိတယ်လို့ ဆိုတဲ့အတွက် ကျွန်တော်တို့ တစ်ချိန်က ဂုဏ်ယူခဲ့ရပါတယ်။ အဲဒီမှတ်သုံသစ်တောကြီးတွေကို ၁၉၈၉ ခုနှစ်ကနေပြီးမှစတင်ပြီး သစ်ထုတ်ယူခွင့်တွေလုပ်ခဲ့ရာကနေပြီးမှ ၂၀၀၀ ခုနှစ်ဝန်းကျင်မှာကျတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ သစ်ထုတ်လုပ်တဲ့ကုမ္ပဏီများက တွင်တွင်ကျယ်ကျယ်ခုတ်ယူလာကြပါတယ်။ အဲဒီလိုထုတ်ယူလာကြပြီးမှ ၂၀၁၀-၂၀၁၁ ဝန်းကျင်ရောက်တော့ သူတို့ရဲ့သစ်ထုတ်ယူတဲ့ပုံသဏ္ဌာန်ဟာ တစ်မျိုးပြောင်းလဲသွားတယ်လို့ ယူဆလာရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီသစ်ကုမ္ပဏီတွေက စိုက်ပျိုးရေးကို အကြောင်းပြပြီးမှ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လျှောက်ထားလာကြပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမပြဋ္ဌာန်းမီကလည်း မြန်မာနိုင်ငံ အချို့ဒေသတွေမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဖို့အတွက် သစ်တောမြေတွေကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်တွေ ချထားခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀) နဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ ခွင့်ပြုခဲ့တဲ့ ဒီဇယားမှာကြည့်မယ်ဆိုလို့ရှိရင် ကုမ္ပဏီတွေ ခွင့်ပြုတာဗဟိုအဖွဲ့ကနေပြီးမှ ခွင့်ပြုပါတယ်။ ဟိုဟာက ကုမ္ပဏီတွေဖြစ်ပါတယ်။ တချို့ကလည်း ပုဂ္ဂလိကတွေဖြစ်ပါတယ်။ အဲဒီမှာကြည့်မယ်ဆိုလို့ရှိရင် ခွင့်ပြုခဲ့တဲ့ဧရိယာ၊ လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ဧရိယာ၊ ပြီးတော့ ကွင်းအမှတ်မှာ ကွင်းပြင်များလို့ ပါတယ်ဆိုပေမဲ့ တကယ်တမ်းကျရင် အဲဒါက သစ်တောဧရိယာတွေဖြစ်နေပါတယ်။ ကွင်းပြင်တွေမဟုတ်ပါဘူး။ ဆိုတော့ ကျော်ကြားကောင်းမွန်ကုမ္ပဏီဆိုတာလည်း ဒါကလည်း စိုက်ပျိုးရေးအတွက် ကောက်စားအုပ်စုမှာ ဧက ၅၀၀၀ အဲဒီလိုတွေ သူတို့က လျှောက်ထား

လာကြပါတယ်။ ဆိုတော့ ဒီမှာကျတော့လည်းပဲ လျှောက်ထားဆဲကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကတွေဖြစ်ပါတယ်။ အဲဒီလျှောက်ထားဆဲကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကတွေမှာ ကျန်တဲ့ပုဂ္ဂလိကနဲ့ အဖွဲ့အစည်းတွေကျတော့ လုပ်ပိုင်ခွင့်ကျမလာဘဲနဲ့ အနီနဲ့ဝိုင်းပြထားတဲ့ သစ်ကုမ္ပဏီတွေကျတော့ လုပ်ပိုင်ခွင့်တွေကျလာပါတယ်။ ဒါကလည်း စောစောက လျှောက်ထားဆဲကုမ္ပဏီတွေဖြစ်ပါတယ်။ သူတို့ စိုက်ပျိုးရေးအတွက် လျှောက်ထားကြတဲ့ကုမ္ပဏီတွေရဲ့စာရင်းနဲ့ ပုဂ္ဂလိကစာရင်းတွေဖြစ်ပါတယ်။ တာဝန်နှင့် ချမ်းသာဆိုလို့ရှိရင်ကတော့ သူတို့က တံငါ၊ မသီးတို့၊ မိုင်းချောင်းတို့က ကန့်ကွက်တဲ့အတွက် သူကတော့ လုပ်ပိုင်ခွင့်မရလိုက်ပါဘူး။ အဲဒီလိုဆိုတော့ ဖောင်းပြင်မြို့နယ်ရဲ့ အတွင်းမှာကိုက ပထမစာမျက်နှာမှာ ဧကတစ်သိန်းကျော်ရှိပါတယ်။ ဒုတိယစာမျက်နှာမှာလည်း ဧကတစ်သိန်းကျော်ရှိပါတယ်။ ဖောင်းပြင်မြို့နယ်ရဲ့ ဧရိယာဟာ ဧကအားဖြင့် တစ်သန်းကျော်ရှိပါတယ်။ အဲဒီမှာ ဧက နှစ်သိန်းကျော်ဟာ ဒီလိုစိုက်ပျိုးရေးအတွက် လျှောက်ထားတဲ့ကုမ္ပဏီများဖြစ်ပါတယ်။ အဲဒီကုမ္ပဏီတွေကို ဗဟိုကော်မတီကနေပြီးမှ စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားတဲ့နေရာတွေက သစ်တောအရည်အသွေးအနည်းငယ်ကျဆင်းသွားတဲ့နေရာတွေဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရကုမ္ပဏီတွေအနေနဲ့ နည်းဥပဒေ ၄၅ အရ စတင်ခွင့်ပြုတဲ့နှစ်ကနေပြီးမှ လေးနှစ်အတွင်း ပထမနှစ်မှာ ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်နဲ့ တတိယနှစ်တို့မှာ ၃၀ ရာခိုင်နှုန်းစီ၊ စတုတ္ထနှစ်မှာ ၂၅ ရာခိုင်နှုန်း၊ ဒီလိုနဲ့ ရာနှုန်းပြည့် လုပ်ငန်းပြီးစီးသည်အထိ စိုက်ပျိုးရေးလုပ်ငန်းကို ဖော်ထုတ်လုပ်ကိုင်သွားရမှာဖြစ်ပေမဲ့ အဲဒီကုမ္ပဏီတွေဟာ ကုမ္ပဏီအများစုဟာ သစ်များကိုသာ ထုတ်ယူသွားကြပြီးမှ စိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော် သွားခြင်းမရှိပါဘူး။ တချို့ကုမ္ပဏီတွေမှာဆိုလို့ရှိရင် သစ်တောမှ သစ်များကိုထုတ်ယူပြီးတော့ လုံးပတ်နှစ်ပေအောက်ရှိတဲ့အပင်တွေကို အပြောင်ရှင်းပြီးမှ ယူကလစ်ပင်တွေစိုက်တဲ့အတွက် သဘာဝအလျောက်ပေါက်ရောက်နေတဲ့သစ်တောတွေ ပြန်လည်ပြည့်ဖြိုးလာမှုကိုဖျက်ဆီးလိုက်သလို ဖြစ်သွားပါတယ်။ အဲဒီသစ်တောတွေက သစ်တောအရည်အသွေးနိမ့်ကျနေတယ်လို့ဆိုပေမဲ့ ကောင်းစွာကာကွယ်ထားနိုင်မယ်ဆိုလို့ရှိရင် နှစ်အနည်းငယ်အတွင်းမှာ ရွက်ပွင့်တောကနေပြီးမှ ရွက်အုပ်တောအဆင့်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။

အခု ကျွန်တော် တင်ပြနေတဲ့ ဖောင်းပြင်မြို့နယ်အတွင်းက သစ်တောများသာရှိပါတယ်။ Power Point ရဲ့ နောက် Slide မှာကြည့်မယ်ဆိုလို့ရှိရင် ဒီ Slide ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဓာတ်သတ္တုတူးဖော်ခွင့်ပြုထားတဲ့ ဧရိယာတွေဖြစ်ပါတယ်။ ရွှေ၊ ကျောက်မီးသွေးနဲ့ ကြေးနီနဲ့ဆက်စပ်ပစ္စည်းတွေကို တူးဖော်ခွင့်ပြုထားတာဖြစ်ပါတယ်။ ဒါကို နောက်ထပ် တစ်ခုပြီးတစ်ခု Power Point

ပြသွားပေးပါ။ အားလုံးပေါင်း ဧက ၅၀၀၀ ကျော်ရှိပါတယ်။ ဒါက ပင်လည်ဘူးမြို့နယ်၊ ဟုမ္မလင်း မြို့နယ်၊ နောက် ကသာမြို့နယ်၊ ဗန်းမောက်မြို့နယ်မှာ ဓာတ်သတ္တု တူးဖော်ခွင့် ပေးထားတဲ့ဥစ္စာ ဧက ပေါင်း ၅၅၀၀ နီးပါးလောက်ရှိပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ပတ်ဝန်းကျင် ဘယ်လောက်ပျက်စီးနိုင်တယ်ဆိုတာကို၊ သဘာဝပတ်ဝန်းကျင်ဘယ်လောက်ပျက်စီးနိုင်သလဲဆိုတာကို ခန့်မှန်းကြည့်လို့ ရရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကာကွယ်နိုင်တဲ့ဘက်က တတ်နိုင် သမျှ သဘာဝပတ်ဝန်းကျင်ပျက်စီးတာကို ထိန်းသိမ်းကာကွယ်နိုင်တဲ့နည်းလမ်းကို ချင့်ချိန်ပြီးမှ စဉ်းစား ကြရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ နည်းဥပဒေ ပုဒ်မ ၃၆ အပိုဒ်(က)မှာ နိုင်ငံတော်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန်တကယ်ဖော်ထုတ်လုပ်ကိုင်ခြင်းမရှိဘဲ အခွင့်အရေးတစ်ရပ်အနေဖြင့် ပမာဏကြီးစွာ ရယူထားခြင်းမရှိစေရေးအတွက် အလေးအနက်ထားပြီး အာမခံကြေးနှင့် မြေခွန်များ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ပမာဏကြီးစွာ လက်ဦးမှုရယူထား တဲ့သဘောတရားကို တွေ့နေရပါတယ်။ နည်းဥပဒေပုဒ်မ ၄၅ အပိုဒ်ခွဲ(ဂ)မှာ ခွင့်ပြုထားသည့်လုပ်ငန်း အမျိုးအစားနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။ အပိုဒ်ခွဲ (ဃ)မှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မြေပေါ် မြေအောက်ရှိ သယံဇာတပစ္စည်းများကို တူးဖော်ထုတ်ယူခြင်းမပြုရဟု ပြဋ္ဌာန်းထားပေမဲ့ ကုမ္ပဏီများ အားလုံးဟာ မြေပေါ်သယံဇာတဖြစ်တဲ့ သစ်များကိုသာ ထုတ်ယူသွားပြီးမှ ခွင့်ပြုထားတဲ့လုပ်ငန်းကို မလုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ယင်းဥပဒေပုဒ်မ ၂၂ အပိုဒ်ခွဲ(ဂ)မှာ မူလခွင့်ပြုထားတဲ့ ကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်ခြင်း၊ အသုံးပြုခြင်းမရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်ကပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမယ်လို့ ပြဋ္ဌာန်းထားပေမဲ့ အဲဒီခွင့်ပြုကာလကို သက်တမ်းတိုးပေးဖို့ ကြိုးစားနေကြတယ်လို့ ကျွန်တော်တို့ အောက်ခြေမှာ ကြားသိနေရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်မတန် ဉာဏ်အမြော်အမြင်ကြီးမားတဲ့ ခေါင်းဆောင် များဟာ လာမယ့်နှစ် ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာမှာ လူဖြစ်လာကြမယ့် အနာဂတ် မျိုးဆက် သစ်လူငယ်လေးများရဲ့ဘဝကို ထည့်သွင်းတွက်ချက်စဉ်းစားလေ့ရှိကြပါတယ်။ အသစ် အသစ်ပြန် မဖြစ်လာနိုင်တော့တဲ့ မြေအောက်သယံဇာတတွေကို ကျွန်တော်တို့ ပြန်လည်မပေးစွမ်းနိုင်တော့ပါဘူး ခင်ဗျား။ ဒါပေမဲ့ မြေပေါ်သယံဇာတဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တော၊ သစ်ပင်များကို

ပြန်လည်ပြုစုပျိုးထောင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်မတိုင်ခင်က လုပ်ပိုင်ခွင့်ပြုထားခဲ့သော၊ လုပ်ကိုင်ခွင့်ပြုထားခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် နည်းဥပဒေ ၄၈ အရလည်းကောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် လုပ်ကိုင်ခွင့်ပြုခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်၍ နည်းဥပဒေ ၅၇ အရလည်းကောင်း၊ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများအဖြစ် ပြန်လည်သိမ်းယူပြီး သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို အလေးအနက်ထား၍ ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဝေ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ရည်ရွယ်ချက်ဟာ သစ်တောမြေများအား သဘာဝနည်းလမ်းဖြင့် ပြုစုပျိုးထောင်ခြင်းကို ပြည်ထောင်စုအစိုးရအနေဖြင့် တွန်းအားပေးလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၁၉၉၀ ခုနှစ်မှာ ၅၇.၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ ခုနှစ်မှာဆိုလို့ရှိရင် ၅၁.၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ ၄၉.၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်မှာ ၄၆.၉၆ ရာခိုင်နှုန်းနဲ့ ၂၀၁၅ ခုနှစ်မှာဆိုလို့ရှိရင် ၄၂.၉၂ ရာခိုင်နှုန်းအဖြစ် တဖြည်းဖြည်း လျော့နည်းလာတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်းမှာ တစ်နှစ်လျှင် ပျမ်းမျှဧကပေါင်း ၁၅၀၀၀၀၀ ခွဲခန့်ပြုန်းတီးလျက်ရှိပါတယ်။ နိုင်ငံ့ဧရိယာရဲ့ ၁.၂၇ ရာခိုင်နှုန်း နှစ်စဉ်ပြုန်းတီးနေခြင်းဖြစ်ပါတယ်။ ဤပမာဏဟာဆိုလို့ရှိရင် ကယားပြည်နယ်ဧရိယာရဲ့ ထက်ဝက်ခန့်ဖြစ်တဲ့အတွက် သစ်တောဧရိယာတွေကို အမြန်ထိန်းသိမ်းဖို့ အမှန်တကယ်လိုအပ်နေတာ

ဖြစ်ပါတယ်။ သစ်တောများပြုန်းတီးရတဲ့အကြောင်းအရင်းတွေထဲမှာ သစ်ထုတ်လုပ်ခြင်းအပြင် စိုက်ပျိုးမြေများအတွက် အသုံးပြုခြင်းကြောင့်လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ကာလများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဗဟိုကော်မတီမှ အရည်အသွေးညံ့သော သစ်တောများကို ဧကထောင်နှင့်ချီပြီး စိုက်ပျိုးမြေအဖြစ် ခွင့်ပြုချထားပေးခဲ့ပါတယ်။ အရည်အသွေးညံ့သစ်တောဆိုသော်လည်းပဲ သစ်တောကောင်းများပါဝင်နေတာကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ အသုံးပြုခွင့်ရသော ကုမ္ပဏီအများစုဟာ စိုက်ပျိုးရေးလုပ်ခြင်းထက် သစ်ထုတ်လုပ်ခြင်းကိုသာ အဓိကလုပ်ဆောင်နေကြပါတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရမှ ပြန်လည်စိစစ်ပြီး နိုင်ငံတော်အနေနဲ့ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း အဆိုရှင်က တိုက်တွန်းထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅ အရ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို စောင့်ရှောက်ကာကွယ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) ပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)အရ နိုင်ငံသားတိုင်းသည် သဘာဝဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းကိစ္စရပ်များမှာ နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ တကယ့်မြေပြင်မှာ သဘာဝပတ်ဝန်းကျင်သစ်တောများဟာ ပြုန်းတီးနေတာကို အားလုံးအသိဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၆) ပုဒ်မ ၅၇ မှာဆိုလို့ရှိရင် ဗဟိုကော်မတီသည် မြေလွတ်၊ မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာလည်း မူလခွင့်ပြုကာလထက်ကျော်လွန်ပြီး ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်မှ သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု တိကျသေချာစွာ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်တွေ့မြေပြင်အရှိတရားတွေဟာ ဥပဒေကိုမျက်ကွယ်ပြုတည်ရှိနေပြီးတော့မှ ဥပဒေဟာ အသက်မဝင်နိုင်တော့ဘဲ စာရွက်ပေါ်မှာရှိသလိုဖြစ်နေပါတယ်။ ဒါတွေကို

အဆိုရှင်က တရားဥပဒေစိုးမိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စရပ်အဖြစ် မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ အခုလိုပြည်သူ့အစိုးရလက်ထက်မှာ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့လည်း အလေးအနက်ထောက်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ချထားတဲ့ အရည်အသွေးကျသစ်တောတွေကို အဆိုရှင်တင်ပြသလို သဘာဝနည်းဖြင့်ကာကွယ်ထိန်းသိမ်းပါက ပြန်လည်ပြည့်ဖြိုးလာပြီးတော့မှ ရွက်ပွင့်တောမှ ရွက်အုပ်တောအဖြစ်ပြောင်းလဲလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဘဏ္ဍာငွေအမြောက်အမြားသုံးစရာမလိုဘဲနဲ့ သစ်တောမြှင့်တင်ခြင်းလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ တင်သွင်းတဲ့ နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၄၅ အရ ခွင့်ပြုသည့်သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်ဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေအဖြစ်ပြန်လည်သိမ်းယူ၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးထွန်းဝေ တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါ နည်းဥပဒေ

နှင့်အညီစိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများအဖြစ်ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးထွန်းဝေ၊ ဖောင်းပြင်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂-၁၂-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၁-၁၁-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု

ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူ သင့်သည့် ၁၅ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အပိုဒ် (၁) ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး အတွင်းရေးမှူး လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၂-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၈-၉-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ အပိုဒ် (၂) ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ် သည့် ၂၂-၁၁-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၃-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံး

ထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ (က) ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)၊ (ခ) ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)၊ (ဂ) ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)၊ (ဃ) ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ (င) ဒုတိယ ဗိုလ်မှူးကြီးအောင်ဇင်မင်း (တပ်မတော်သားကိုယ်စားလှယ်)၊ (စ) ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)။

အပိုဒ်(၃) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အတူ ၂၉-၁၁-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်း အဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ အပိုဒ်(၄) ယင်း ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုခဲ့ သည့်အချက်များ အနက်မှ အောက်ဖော်ပြပါ အချက် ၁၅ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြု ထားသည့်၊ သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် ၁၅ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၅ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၁၅ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၁၅ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၉ ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၉)ချက်မှာအောက်ပါအတိုင်းဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း၏ပြင်ဆင်ရန်တင်ပြချက်(၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက်(၉)ချက်အား အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

ပြင်ဆင်ချက်(၉)ချက်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက်(၅)ချက်အား ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်းကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင် များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ဇင်မင်း ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်း အစည်းအဝေးတွင် ပြင်ဆင်ရန်တင်ပြချက်နဲ့ ဥပဒေကြမ်းကော်မတီတို့ ဤစိစစ်ချက်သဘောထား အမြင်ကွဲလွဲခဲ့တယ်။ ယင်းဥပဒေကြမ်းရဲ့ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ကြိုတင်ဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်ဇယားစာမျက်နှာ ၃ အမှတ်စဉ် ၇ တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်အားလည်းကောင်း၊ ဒုတိယအဆိုပြုတင်ပြချက်အနေနဲ့ ကြိုတင်ဖြန့်ဝေထားတဲ့ ပြင်ဆင်ချက်ဇယားစာမျက်နှာ ၄ အမှတ်စဉ် ၉ တွင်ဖော်ပြထားသည့် အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ ၅ အမှတ်စဉ်(င) ပြဋ္ဌာန်းချက်အတွက် ပြင်ဆင်ရန် တင်ပြချက်အားလည်းကောင်း၊ တတိယပြင်ဆင်ရန်တင်ပြချက်အနေနဲ့ ကြိုတင်ဖြန့်ဝေထားတဲ့ ပြင်ဆင်ရန်တင်ပြချက်ဇယား စာမျက်နှာ ၆၊ စာမျက်နှာ ၇ တို့မှာဖော်ပြထားတဲ့ ဥပဒေကြမ်း၏ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)အတွက် ပြင်ဆင်ရန်တင်ပြချက်များအား ဆွေးနွေးခြင်းမပြုတော့ဘဲ ဥပဒေကြမ်း ကော်မတီ၏ စိစစ်တွေ့ရှိချက်များအတိုင်း သဘောတူပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်းသဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက ဘာပြောဖို့ရှိပါသလဲ။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မရှိပါဘူးခင်ဗျား။ ဒီတိုင်းပဲအတည်ပြုပေးဖို့ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ် အတိုင်းနာခံပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ဟာတွေနဲ့ ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်း သဘောတူကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း သဘောတူထားပါတယ်။ ပညာရေးဝန်ကြီးဌာနကလည်း ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်းခံယူမယ်လို့ ပြောထားပါတယ်။ ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း တင်သွင်းတဲ့အချက်တွေနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒီအချက်သုံးချက်နှင့်ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၂ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ် ၁၁ နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါ လို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်လိုတာကတော့ ဖြန့်ဝေထားတဲ့ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၄ အပိုဒ် ၂ မှာပါတဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲငယ် ၁၁ ကို ကျွန်တော်ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အဲဒီ ၁၁ ရဲ့ မူလပြဋ္ဌာန်းချက်ကတော့ နံပါတ်(၁၀)အဖြစ်ရှိ ပြီးတော့ မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်းဖြစ်သည်လို့ ဆိုထားပါတယ်။ အဲဒါကို အမျိုးသားလွှတ်တော်မှာ စတင်အဆိုပြုခဲ့တာကတော့ မေးခွန်းကို စာမေးပွဲ မတိုင်ခင်ကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်းလို့ အဆိုပြုပြဋ္ဌာန်းခဲ့သော်ငြားလည်း လွှတ်တော် မှာအတည်ပြုခဲ့တာကတော့ မေးခွန်းကို စာမေးပွဲမတိုင်မီကြိုတင်၍ရယူခြင်းဆိုပြီးတော့ မတရားသော နည်းကို ဖြုတ်ပါမယ်။ အဲဒါကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း အမျိုးသားလွှတ်တော်ရဲ့ အဆိုပြုချက်အတိုင်းပဲ အတည်ပြုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ မေးခွန်းကို စာမေးပွဲမတိုင်မီကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်း သို့မဟုတ် ဖြေဆိုခြင်းလို့ ပြင်ဆင်ချင်ပါတယ်။ အဓိကကတော့ မတရားသောနည်းဆိုတာ ထည့်ချင်ပါ တယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ စာမေးပွဲတစ်ခုမှာ မေးခွန်းထုတ်သူသာရှိပါတယ်။ အဲဒီ မေးခွန်းကိုပြုလုပ်ရတဲ့၊ ပွားများရတဲ့ ဝန်ထမ်းဆိုတာရှိပါတယ်။ ပြီးမှစာဖြေသူဆိုတဲ့လက်ထဲကိုရောက် ပါတယ်။ မေးခွန်းထုတ်သူတို့၊ မေးခွန်းပြုလုပ်သူတို့ကသာ ရိုးသားဖြောင့်မတ်မယ်။ ဥပဒေကို လေးစား လိုက်နာပြီးတော့ တာဝန်ခံမှုရှိမယ်ဆိုရင် ဒီမေးခွန်းဟာ ဘယ်လိုနည်းနဲ့မှ စာဖြေသူကိုရောက်စရာ အကြောင်းမရှိပါဘူး။ အကယ်၍ မေးခွန်းထုတ်သူ၊ မေးခွန်းပြုလုပ်သူတို့ကသာ အဂတိလိုက်စားကြ မယ်။ မရိုးမသားလုပ်ကြမယ်။ ဥပဒေကိုမလေးစားဘူးဆိုရင်တော့ ဒီမေးခွန်းဟာ တစ်နည်းနည်းဖြင့် အပြင်ကိုပေါက်ကြားသွားနိုင်ပါတယ်။ ဟိုမှာ အခကြေးငွေနဲ့ရောင်းစားလို့၊ တူသားမောင်မယ်ကို မေးခွန်းပေးချင်လို့ မေးခွန်းကအပြင်ကို ရောက်သွားပြီဆိုရင် နည်းအမျိုးမျိုးနဲ့ကျွန်တော်တို့ စာဖြေဆိုသူရဲ့လက်ထဲကို ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးချင်တာက အကယ်လို့ အဲဒီ ပေါက်သွားတဲ့မေးခွန်းကို စာဖြေသူလက်ထဲကိုရောက်သွားပြီဆိုပါစို့။ သူက ဒီကြားထဲအိမ်မှာထိုင်နေ တယ်။ မေးခွန်းရဖို့မကြိုးစားဘူး။ အဲဒီမေးခွန်းက သူ့ဆီကိုရောက်လာတယ်။ နည်းအမျိုးမျိုးနဲ့ ရောက်ပြီဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့ ကျောင်းသားဖြစ်မယ်။ စာဖြေသူဖြစ်မယ်။ ကိုယ့်သားသမီး ဖြစ်မယ်ဆိုရင် ဒီမေးခွန်းကိုမဖြေဘဲနေခဲ့မလား။ ကျွန်တော်တို့က ကိုယ့်သားသမီးကို မဖြေနဲ့လို့

ပြောမလား။ ဖြေပြီဆိုရင်လည်း သူ့မှာအပြစ်ရှိကောင်းရှိပေမဲ့။ ဘယ်လိုအရေးယူမလဲဆိုတာ ကျွန်တော်သိချင်ပါတယ်။ ဖြေလို့အပြစ်ရှိကောင်းရှိပေမဲ့ အရေးယူလို့မရဘူးဆိုတာ ကျွန်တော် သက်သေပြချင်ပါတယ်။

ကျွန်တော်တို့ ပါလီမန်ဒီမိုကရေစီခေတ်က ခုနစ်တန်းအစိုးရစစ်မေးခွန်းပေါက်ခဲ့ပါတယ်။ အဲဒီမှာ ဟိုက်တန်ကျောင်းသားလေးသေပြီးတော့ ဟိုက်တန်အရေးအခင်းဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စာဖြေသူကို ဘယ်လိုမှအရေးယူလို့မရဘဲ ကျောင်းသားအားလုံးကို အောင်ပေးခဲ့ရပါတယ်။ မေးခွန်းထုတ်သူအချို့ကို အရေးယူကောင်းယူပါတယ်။ အဲဒီလိုပဲ မကြာသေးမီက ကျွန်တော်တို့ ၂၀၀၄ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမှာ မေးခွန်းအကြီးအကျယ်ပေါက်ပါတယ်။ ၁၀ တန်းမေးခွန်းပါ။ ဒါမျိုးမေးခွန်းတွေဟာ ပလူပျံပြီးပျံ့နှံ့နေပါတယ်။ မေးခွန်းမှာ အစုံလိုက်ပေါက်တယ်။ ဘာသာစုံပေါက်တယ်။ ကွက်တိပေါက်တယ်။ မေးခွန်းတွေကို ကျွန်တော်တို့နယ်တွေက သွားယူစရာမလိုဘဲနဲ့ မြို့နယ်အထိကို မေးခွန်းတွေရောက်တယ်။ ဖြေကြတယ်။ ကွက်တိပါပဲ။ ဒါပေမဲ့ ကျောင်းသားတွေကို ကျွန်တော်တို့ အရေးယူလို့မရဘူး။ မေးခွန်းထုတ်သူအချို့ပဲ အရေးယူလို့ရတာဖြစ်ပါတယ်။ ဒီလိုအခါ မနှစ်ကလည်းကျွန်တော်တို့ လွှတ်တော်မှာလည်း မေးခွန်းတစ်ခုမေးတာကြားပါတယ်။ ဒီနှစ်မေးခွန်းကြားပါတယ်။ Data မေးခွန်းပေါက်လို့ဆိုပြီးတော့။ ထုတ်တဲ့ဆရာနှစ်ယောက်ကိုပဲ အရေးယူတယ်ပြောပါတယ်။ ကျောင်းသားတွေကို အရေးယူလို့မရပါဘူး။ ကျွန်တော်ပြောချင်တာက မေးခွန်းထုတ်သူကြောင့်မို့၊ မေးခွန်းပွားသူကြောင့်မို့ မေးခွန်းပေါက်လို့ ကျောင်းသားဖြေတယ်။ အရေးယူဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အဲဒီကျောင်းသား သို့မဟုတ် စာဖြေသူကိုယ်တိုင်သာ မတရားသောနည်းဖြင့် မေးခွန်းကို ရယူမယ်။ အခကြေးငွေနဲ့ဝယ်ယူမယ်ဆိုရင် ကျွန်တော်တို့ အဂတိတိုက်ဖျက်ရေးဥပဒေနဲ့စွဲလို့ရပါတယ်။ ခိုးမယ်ဆိုရင်လည်း ကျွန်တော်တို့ ပုဒ်မ ၃၇၈ နဲ့ စွဲလို့ရပါတယ်။ ခြိမ်းခြောက်တောင်းမယ်ဆိုရင်လည်း ပုဒ်မ ၃၈၃ နဲ့စွဲလို့ရပါတယ်။ မတရားလုပ်မယ်ဆိုရင်။ ကျွန်တော်ပြောချင်တာက မေးခွန်းသူ့ဟာ သူပေါက်တာကို ကျောင်းသားကဖြေတာဟာ အရေးယူဖို့အတော်ခက်ပါတယ်။ ဒါကြောင့်မို့လို့ တရားသောနည်းဆိုတာ ထည့်သင့်တယ်လို့ထင်ပါတယ်။ ခုန မတရားသောနည်းဆိုတာက ဒီကျောင်းသားကခိုးမယ်။ ပိုက်ဆံပေးဝယ်ယူမယ်။ လုမယ်။ ဘဏ်ကိုဖောက်မယ်ဆိုရင်တောင် သူ့ကိုအရေးယူရမှာပါ။ မေးခွန်းပေါက်တယ်ဆိုရင် အရေးယူလို့မရပါဘူး။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တစ်ယောက်က ဘာတင်ပြလဲဆိုရင် ဒီပုဒ်မ ၁၁ ရဲ့ခေါင်းစဉ်မှာ မသမာသောနည်းဖြင့် ဆိုသည်မှာပါတဲ့အတွက် ဒါထည့်စရာမလိုဘူးလို့ ပြောပါတယ်။ ကျွန်တော်က အဲလိုမျိုးကြောင့် မသမာ

သောနည်းပါတဲ့အတွက် ဒီမတရားသောနည်းကထည့်ရတယ်။ ဘာ့ကြောင့်လဲ မသမာသောနည်း ဆိုသည်မှာ မေးခွန်းကို မတရားသောနည်းဖြင့်ရယူတာသည် မသမာသောနည်း။ နောက်ဒါကိုထည့်သင့် ပါတယ်။ မူလမှာလည်းပါပြီးသားပါ။ ဘာဖြစ်လို့ ကျွန်တော်တို့ ဥပဒေတစ်ခုပြုတဲ့အခါမှာ အဲဒီဥပဒေကို တာဝန်ရှိသူတွေက လိုက်နာဖို့လိုသလို လိုက်နာနိုင်တဲ့ဥပဒေဖြစ်ရမယ်။ မလိုက်နာရင်လည်း အရေးယူ နိုင်တဲ့ဥပဒေဖြစ်ရမယ်။ ခုနက ဒါကိုပြဋ္ဌာန်းမယ်ဆိုရင် မေးခွန်းကိုရယူဖြေဆိုမယ်ဆိုရင် လိုက်နာဖို့ လည်းခက်တယ်။ အရေးယူဖို့လည်းခက်တဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်းပဲ ကျွန်တော်အနည်းငယ် ပြင်ဆင်ပြီးတော့ မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်း သို့မဟုတ် ဖြေဆိုခြင်းလို့ ကျွန်တော်က ပြင်ဆင်လိုပါတယ်။ ဒါကို သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအနေနဲ့ရော၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကရော ဘက်လိုက်မှုကင်းစွာနဲ့ မိမိရဲ့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ တွေးခေါ်ပြီးတော့ ဆုံးဖြတ်ပေးကြပါလို့ ကျွန်တော် တိုက်တွန်းရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပုဒ်မ ၂ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ် ၁၁ နဲ့ပတ်သက်ပြီးလို့ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း လက်ခံ ထားပါတယ်။ မေးခွန်းကို စာမေးပွဲမတိုင်ခင် ကြိုတင်၍ရယူခြင်းလို့ အတည်ပြုပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က မေးခွန်းကို ဒီတစ်ဖက်ကဖြစ်တဲ့ မတရားသောနည်းဖြင့်ရယူ ခြင်းဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့က စာမေးပွဲမတိုင်မီမှာ မေးခွန်းကို ရယူရင်ဘယ်လိုနည်းနဲ့ပဲ ရယူရယူ ဒါဟာမတရားသောနည်းနဲ့ရယူခြင်းပဲ ဖြစ်ပါတယ်။ ဒါမတရားသောနည်းဖြင့် ရယူခြင်းလို့ ထည့်ဖို့မလိုဘဲနဲ့ တကယ်လို့မတရားသောနည်းဖြင့် ရယူခြင်းလို့ထည့်လိုက်မယ်ဆိုရင် ဒါတစ်ဖက်က တရားသောနည်းနဲ့ ရယူခြင်းရှိသလားဆိုတာ ဒါမေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ ဒီမတရားနည်းနဲ့ ရယူခြင်းမှာ ဒီမတရားသောနည်းရယူခြင်းဆိုတာ မရသင့်/ မရထိုက်ဘဲနဲ့ ရယူခြင်းဟာ မတရားရယူခြင်းပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ပြင်ဆင်ရန် တင်ပြချက်အပေါ်မှာ အတည်ပြုပေးပါရန် ဥပဒေကြမ်းရဲ့သဘော အားတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီနေရာမှာ ကျွန်တော်လည်း ဒါအခု သေချာကြည့်ပါတယ်။ ဒီပညာရေးဝန်ကြီးဌာနကပေးတဲ့ မူကြမ်းနဲ့ပြင်ထားတာနဲ့ ကျွန်တော်တို့ စဉ်းစားရမှာတစ်ခုပါပဲ။ အဆိုပြုမူကြမ်းမှာက မေးခွန်းကို စာမေးပွဲမတိုင်မီကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်း။ မတရားသောနည်းဖြင့်ရယူခြင်း။ မေးခွန်းဆိုတာ ဘယ်မေးခွန်းပဲဖြစ်ဖြစ် ကြိုတင်ပေါက်လို့မရပါဘူး။ ဘယ်လိုနည်းနဲ့ပဲရရ။ ဒါဖြင့် တရားသောနည်းနဲ့ကျတော့ ခွင့်ပြုမှာလား။ ကြိုမေးခွန်းပေါက်တာပေါ့။ ကောင်းပြီ၊ တရားသောနည်းနဲ့ မေးခွန်းပေါက်ခြင်း၊ မတရားသောနည်းနဲ့ မေးခွန်းပေါက်ခြင်း ဘယ်လိုအင်္ဂါရပ်နဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်မှာလဲ။ မေးခွန်းဆိုတာ ဘယ်လိုမေးခွန်းပဲဖြစ်ဖြစ် တန်းတူညီမျှတဲ့ အခွင့်အရေးအားလုံးသာတူညီမျှ အခွင့်အရေးရှိရမယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဂုဏ်ရှိသည်ဖြစ်စေ၊ ဂုဏ်မဲ့သည်ဖြစ်စေ မေးခွန်းဆိုတာ ပေါက်လို့ရတဲ့ကိစ္စမဟုတ်ဘူး။ မေးခွန်းက အခုကျတော့ တနည်းနဲ့ကျတော့ရခွင့်ရှိတယ်။ ရခွင့်မရှိဘူး။ တရားသောနည်းနဲ့ ရခွင့်ရှိသလို တရာသောနည်းနဲ့ ရခွင့်ရှိတဲ့မေးခွန်းကို ဘယ်လိုသတ်မှတ်ရမလဲ။ ဒါလေးတွေတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း သေချာတော့စဉ်းစားဖို့တော့ လိုပါတယ်။ ဒါကျွန်တော် ဒါကြောင့်မို့လို့ ဒီဟာကို မူလဟာနဲ့ ပါတိုက်ပြီး သေချာလည်းကြည့်ပါတယ်။ ခဏခဏလှန်လှောပြီးတော့ ဒါလေးတွေ ဟာကျွန်တော်တို့ အမှုမဲ့၊ အမှတ်မဲ့ကိစ္စတွေမဟုတ်ပါဘူး။ ဥပဒေမှာအဲဒီလို မတရားသောနည်းနဲ့တော့ မရရဘူး။ တရားသောနည်းလမ်းနဲ့ ရရမယ်ပါသွားရင် ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းချက်နဲ့ ဥပဒေပြုမဏ္ဍိုင်ကြီးက ဘယ်လိုများဖြစ်သွားမလဲ။ အဲဒါလေးတွေလည်း သတိထားစေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(င) ပုဒ်မခွဲ ငယ် ၁၁ နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း တင်ပြခဲ့ပြီး ဦးမြင့်ထွန်းက ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ သဘောတူညီမှုကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးမြင့်ထွန်းရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။

ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၈၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် ပုဒ်မ ၂ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ် ၁၁ သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၄ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ် ၂ နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဒုတိယပြင်ဆင် လိုတာကတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၁ မှာပါတဲ့ ပုဒ်မခွဲငယ်(၂)နဲ့ ပတ်သက်လို့ဖြစ်ပါတယ်။ ပုဒ်မခွဲငယ်(၂)မှာ မူလဥပဒေကတော့ မသမာမှုပြု နေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်း နည်းဖြင့် မသမာမှုကိုအားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူ တစ်ဦးဦးအား ထိုက်သင့်သလို အရေးယူရန် သက်ဆိုင်ရာဌာနကို အကြောင်းကြားရမယ်။ မူလဥပဒေဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသား လွှတ်တော်က အဆိုပြုပြင်ဆင်ခဲ့တာကတော့ မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့်စာမေးပွဲကြီးကြပ်သူတစ်ဦးဦးအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမယ်။ အဲဒီတော့ ထပ်မံအတည်ပြုခဲ့တာကတော့ မသမာမှုပြုနေ သည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့်အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူ တစ်ဦးဦးအား အရေးယူရန် သက်ဆိုင်ရာဌာနကိုအကြောင်းကြားရမည်ကို ဥပဒေကြမ်းကော်မတီက ထပ်မံ အတည်ပြုပါတယ်။ ကျွန်တော်က ထပ်မံပြင်ဆင်တာက မသမာမှုပြုနေသူကိုလျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူကိုဖြစ်စေ၊ စာမေးပွဲခန်း စောင့်ကြပ်သူကိုဖြစ်စေ တိုးထားပါတယ်။ အရေးယူတာ သက်ဆိုင်ရာဌာနကို အကြောင်းကြားရတယ်။ ကျွန်တော်တို့ အပြင်စာမေးပွဲခန်းမှာ လက်တွေ့ကြုံနေရတာက စာမေးပွဲကြီးကြပ်ရေးမှူးဆိုတာရှိပါတယ်။ ကြီးကြပ်သူကြီးကြပ်ရေးမှူး၊ တစ်ခါ အခန်းစောင့်တဲ့ စာမေးပွဲခန်းစောင့်ကြပ်သူဆိုတာ ရှိပါ

တယ်။ အားပေးကူညီလို့ရတာက ကြီးကြပ်သူကအဓိကမဟုတ်ပါဘူး။ စာမေးပွဲခန်းစောင့်ကြပ်သူက သာ အားပေးကူညီလို့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ စာမေးပွဲခန်းစောင့်ကြပ် သူဆိုတာကို ကျွန်တော် ထည့်ထားခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ဆွေးနွေးတဲ့အခါမှာ ပညာ ရေးဝန်ထမ်းတစ်ယောက်က ဘာထပြောသလဲဆိုတော့ ကျွန်တော်တို့ လက်တွေ့ ၁၀ တန်းဆိုရင်ပေါ့။ သုံးတာက ကျောင်းအုပ်ကြီးတွေ၊ အထက်တန်းကျောင်းအုပ်ကြီးတွေကို ဦးဆောင်ပြုသူ(Supervisor) ကို ကြီးကြပ်ရေးမှူးလို့သုံးပြီးတော့ ကျန်တဲ့သူများကို လက်ထောက်ကြီးကြပ်ရေးမှူးလို့ သုံးပါတယ်။ ကြီးကြပ်ရေးမှူးနှင့်လက်ထောက်ကြီးကြပ်သူ သုံးပါတယ်။ ဒါကြောင့်မို့ ကြီးကြပ်သူပြောရင် ပြည့်စုံ တယ်လို့ပြောတဲ့အတွက် ဒါဆို ကျွန်တော် ဒါကိုလက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စာမျက်နှာ ၅ ပုဒ်မ ၁၀ မှာပါတဲ့ ဥပဒေနဲ့လွဲချော်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၅ ပုဒ်မ ၁၀ အောက်ဆုံးမှာပါ။ ၁၃ မှာပါ။ စာမေးပွဲခန်း စောင့်ကြပ်သူတစ်ဦးဦး၏ ဒီမှာသုံးတာ စာမေးပွဲခန်းစောင့်ကြပ်သူတစ်ဦးဦး၏ မတရားသဖြင့်ပြ ပေးခြင်း၊ ပြောပေးခြင်း၊ အကူအညီပေးခြင်းကို ရယူခဲ့ခြင်းလို့ပါပါတယ်။ ကျွန်တော်က ဒါဆိုရင် ဟုတ်ပြီ။ နောက်ကအဖြေကို ကျွန်တော်က မပြင်ဘူး။ ဒါလေးကို ပြန်ပြီးတော့ပြင်ပေးလို့လိုတယ်လို့ ပြောတဲ့အခါမှာ ပြင်ပေးဖို့မရခဲ့ပါဘူး။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဥပဒေရေးဆွဲခြင်းဆိုင်ရာ အနုညာတမှာပါပါတယ်။ ဥပဒေတွေရဲ့ ဝေါဟာရစကားလုံးတွေဟာ ရှေ့နောက်ညီရမယ်လို့ပါပါတယ်။ ဒီဥပဒေနှစ်ခုသည် ရှေ့မှာတော့စာမေးပွဲခန်းစောင့်ကြပ်သူသုံးပြီး တော့ နောက်မှာတော့ စာမေးပွဲကြီးကြပ်သူပဲပါနေပါတယ်။ ကြီးကြပ်သူဆိုရင် အခန်းစောင့်သူမပါ ဘူးလားပေါ့။ ခုနတုန်းက ပညာရေးဝန်ထမ်းပြောတာက လက်တွေ့သုံးနေတာက စာမေးပွဲခန်း ကြီးကြပ်ရေးမှူးနဲ့ လက်ထောက်ကြီးကြပ်သူသုံးပါတယ်။ အဲဒါ Rule ပါ။ စည်းမျဉ်းပါ။ အခုက ဒါကြီး က Law ပါ။ ကျွန်တော်တို့က Law ကို ခိုင်မာအောင်ပြင်မလား။ Rule ကိုလိုက်ပြီးတော့ Law ကို ပြင်မလား ကျွန်တော်ပြောချင်တာက။ Rule ဆိုတာက၊ စည်းမျဉ်းဆိုတာက ကျွန်တော်တို့လွှတ်တော် မပါဘဲနဲ့ သက်ဆိုင်ရာဌာနတွေက အချိန်မရွေးပြင်လို့ရတယ်။ နောက်တစ်ရက်ပြင်လို့ရတယ် အချိန် မရွေးပြင်လို့ရတယ်။ ဒီ Law တွေဆိုတာခိုင်မာရမယ် လွှတ်တော်က။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥပဒေကို ရှေ့နောက်ညီဖို့အတွက်၊ စကားရပ်ရှေ့နောက်ညီဖို့အတွက် ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆို ကိုပြင်ဆင်လိုကြောင်း တင်သွင်းရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**မူကြမ်း**

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၄ ပုဒ်မခွဲ(ဇ) ပုဒ်မခွဲငယ်(၂)နှင့် ပတ်သက်လို့ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း လက်ခံထား ပါတယ်။ မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူတစ်ဦးအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်လို့ ပြဋ္ဌာန်း ထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ကြီးကြပ်သူလို့ဆိုတဲ့နေရာမှာ ကြီးကြပ်ရေးမှူးရယ်၊ ကြီးကြပ် သူရယ်၊ လက်ထောက်ကြီးကြပ်သူရယ်ဆိုပြီးတော့ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီကြီးကြပ်သူ လို့ခြုံငုံပြီးပြောထားရတဲ့သဘောကတော့ ဘယ်သူပဲဖြစ်ဖြစ်၊ ကြီးကြပ်ရေးမှူးပဲဖြစ်ဖြစ်၊ ကြီးကြပ်သူပဲ ဖြစ်ဖြစ်၊ လက်ထောက်ကြီးကြပ်သူပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် မသမာမှုပြုနေတာကို လျစ်လျူရှုနေ မယ်၊ တစ်နည်းနည်းနဲ့အားပေးကူညီမယ်ဆိုလို့ရှိရင် အရေးယူနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ခြုံငုံပြီး တော့ ကြီးကြပ်သူလို့ရေးသားထားတာဖြစ်ပါတယ်။ အဲဒီတော့ စာမေးပွဲခန်းစောင့်ကြပ်သူဆိုတာ တကယ်တော့ လက်ထောက်ကြီးကြပ်သူကိုဆိုလိုခြင်းပဲဖြစ်ပါတယ်။ သို့သော်လည်း ဒီမှာကတော့ ရှေ့ကဥပဒေမှာပြဋ္ဌာန်းထားတာကတော့ ဒီစောင့်ကြပ်သူဆိုတာကတော့ စာမေးပွဲခန်းကို အနီးကပ် စောင့်ကြည့်ဖို့အတွက် Definition မှာ စောင့်ကြပ်သူလို့ပြောထားတာပါ။ ကျွန်တော်တို့ အခုပြောတဲ့ ကြီးကြပ်သူထဲမှာ ခုနကပြောတဲ့ လက်ထောက်စောင့်ကြပ်သူဆိုတာ လက်ထောက်ကြီးကြပ်သူကို ဆိုလိုခြင်းပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ပြင်ဆင်ရန် တင်ပြချက်အပေါ်မှာ အတည်ပြုပေးပါရန် ဥပဒေကြမ်းရဲ့သဘောထားကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီအပိုဒ်ပါ အချက်များ ကတော့ ဥပဒေကြမ်းကော်မတီက တင်ပြလာတာကော၊ တန့်ဆည်မြို့နယ် ကိုယ်စားလှယ်ကြီး တင်ပြ လာတာကော ကျွန်တော်တို့ လိုအပ်ချက်ကို လွှမ်းခြုံပါတယ်။ ပြည့်စုံပါတယ်။ သို့ပါ၍ ဒီအပိုဒ်နှင့် စပ်လျဉ်းလို့ ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်အတိုင်း နာခံအပ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လွှတ်တော်ကတော့ ဆုံးဖြတ်မှာပေါ့လေ။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကလည်း မဆုံးဖြတ်လို့မရဘူး။ ဆုံးဖြတ်ရမှာပဲ။ သို့သော် ပိုပြီးတော့သင့်တာက၊ ပိုပြီးတော့ကောင်းတာက ဘယ်ဟာဖြစ်သင့်တယ်ဆိုတာကို မှန်မှန်ကန်ကန်လေး ရဲရဲဝံ့ဝံ့ လွှတ်တော်ကိုပြောစေချင်တယ်။ ကျွန်တော်ပြောပြမယ်။ အခု ဒီထဲမှာ ဥပဒေကြမ်းကော်မတီကပြောတယ်။ ကြီးကြပ်သူလို့ ဒါချုံငုံလို့ဆို ပြောတယ်။ ကောင်းပြီ။ ဒါဆိုရင် မူလဒီဥပဒေမှာ ကြီးကြပ်သူဆိုတဲ့ စကားလုံးသုံးထားတာ ဘယ်နေရာမှာပါလဲ။ တစ်နေရာမှာတော့ စောင့်ကြပ်သူ ရှေ့မှာသုံးခဲ့ပြီးတော့ နောက်မှာကျတော့ ကြီးကြပ်သူသုံးတယ်ဆိုရင် အဲဒီဥပဒေရဲ့စကားလုံးက သုံးပါ သုံးလို့ရတယ်။ အဲဒီ ကြီးကြပ်သူဆိုတဲ့စကားလုံးက ရှေ့မှာရော ဒီဥပဒကြမ်းမှာပါခဲ့သလား။ အဲဒါ ဥပဒေကြမ်းက ပြန်လည်လေ့လာသုံးသပ်ပေးပါ။ ဒါက မပါတဲ့စကားလုံးကို နောက်မှာသုံးပြီးတော့ ရှေ့မှာတော့ စောင့်ကြပ်သူပဲ ကျွန်တော်တွေ့တယ်။ နောက်မှာတော့ ကြီးကြပ်သူဖြစ်သွားတယ်။ အဲဒီတော့ ဥပဒေတစ်ခုကို အရေးယူဖို့ကိုင်တွယ်မယ်ဆိုရင် အဲဒီမှာအငြင်းပွားမယ်။ တရားခွင်မှာအငြင်းပွားမယ်။ ကောင်းကောင်းပွားမယ်။ ဥပဒေမှာမပါတဲ့ဟာနဲ့ သွားယူလို့မရဘူး။ အဲဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့၊ ဒီအချက်နဲ့ပတ်သက်လို့ မဆုံးဖြတ်သေးဘူး။ ကျွန်တော် ရွှေ့ဆိုင်းထားမယ်။ ဥပဒေကြမ်းကလည်း ဒါ ပြန်လည်လေ့လာသုံးသပ်ပေးပါ တိတိကျကျ။ ပညာရေးဝန်ကြီးဌာနကလည်း ပြတ်ပြတ်သားသားအဖြေပေးပါ။ ရက်ချိန်းပြန်ပေးမယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁:၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]